ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်၊ သောကြာနေ့။ Friday, 21 April 2023 ၁၁၀၇၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

## မဟာမင်္ဂလာအခမ်းအနားများကို အပိုင်း ၅ ပိုင်းခွဲ၍ နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၂၀**

ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာ အခမ်းအနားများ ကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာ အခမ်းအနားများ ကျင်းပရေး နာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

### ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၂၀

| | | |
|---|---|---|
| မြင်းခြံ | ၄၅ | ဒီဂရီစင်တီဂရိတ် |
| ညောင်ဦး | ၄၅ | ဒီဂရီစင်တီဂရိတ် |
| ချောက် | ၄၅ | ဒီဂရီစင်တီဂရိတ် |
| ကလေးဝ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ရွှေဘို | ၄၄ | ဒီဂရီစင်တီဂရိတ် |
| မင်းကင်း | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ဂန့်ဂေါ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ဆင်ဖြူကျွန်း | ၄၄ | ဒီဂရီစင်တီဂရိတ် |

### ယနေ့ ဖတ်စရာ

**ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုတိုက်ဖျက်ရေး ဆိုင်ရာ ဖိုရမ်ကျင်းပ**

စာမျက်နှာ » ၅

**ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အာဏာသက်ဝင်ခြင်းနှင့် ဆောင်ရွက်ရန် လုပ်ငန်းများ**

ဆောင်းပါး စာမျက်နှာ » ၁၇

**အနုပညာသည် ပြည်သူအတွက်မို့ လက်ခုပ်တီး၍ကြိုဆိုမည် မြန်မာ့ရုပ်ရှင်အကယ်ဒမီ . . . .**

ဆောင်းပါး စာမျက်နှာ » ၆

**အပူလျှပ်ခြင်းအကြောင်း သိကောင်းစရာ အဖြာဖြာ**



ဆောင်းပါး စာမျက်နှာ » ၁၁

ကြေးမုံ

# ရာသီဥတုပြောင်းလဲမှု အပူဒဏ်အန္တရာယ်သတိပြု

ရာသီအလိုအရ နွေကာလ၌ ပူခြင်းသည် သဘာဝဖြစ်ရိုးဖြစ်စဉ်ဖြစ်၍ အဆန်းတကြယ်မဟုတ်။ သို့ရာတွင် နွေ၊ မိုး၊ ဆောင်း ဥတုသုံးလီတို့သည် ရာသီဥတုပြောင်းလဲမှုကြောင့် အဆန်းတကြယ်ဖြစ်လာရာ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲနေမှုများကို သတိပြုဖို့လိုမည်ဖြစ်သည်။

ရာသီဥတုသည် ဆယ်စုနှစ်ကာလများအတွင်း သိသာစွာပြောင်းလဲလာသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ နွေရာသီကာလကိုကြည့်လျှင် လက်ရှိ၌ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် နေ့အပူချိန်မှာ ၄၃ ဒီဂရီစင်တီဂရိတ်မှ ၄၅ ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိသည်။ လွန်ခဲ့သည့်ဆယ်စုနှစ်များစွာက ထိုဒေသများမှာ ၄၀ ဒီဂရီစင်တီဂရိတ်အောက်တွင်ရှိသည်။ နွေကာလ၌ အပူချိန်မှာ တစ်နှစ်ထက်တစ်နှစ် သိသိသာသာတိုးလာသည်။ အကြောင်းမှာ သစ်တောသစ်ပင်များအပါအဝင် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှု၊ စက်မှု၊ မြို့ပြနှင့် လူမှုစီးပွားဘဝများ ပြောင်းလဲတိုးတက်လာခြင်းတို့ကြောင့်ဖြစ်သည်။ အကျိုးမှာ ရာသီဥတုပြောင်းလဲမှုများဖြစ်လာပြီး အစွန်းထွက်ဥတုရာသီများ တိုးတက်ဖြစ်ပေါ်လာသည်။

ယခုနွေရာသီကာလတွင် ကမ္ဘာတစ်ဝန်း၌ အပူချိန်ပြင်းထန်မှုများ မြင့်တက်ဖြစ်ပေါ်နေပြီး ဧပြီလ ၁၇ ရက်နေ့က အိန္ဒိယနိုင်ငံအနောက်ပိုင်း မဟာရတ်ထရာပြည်နယ်၌ နေ့အပူချိန်မြင့်တက်မှုကြောင့် အပူလျှပ်ဝေဒနာဖြင့် လူ ၁၁ ဦး သေဆုံးပြီး ၄၀ ကို ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသပေးနေရကြောင်း သိရသည်။ မြန်မာနိုင်ငံတွင်လည်း နေ့အပူချိန်မြင့်တက်မှုကြောင့် ပြည်သူများ အပူဒဏ်ကို ပြင်းထန်စွာခံစားနေကြရသည်။ အထူးသဖြင့် အသက်အရွယ်ကြီးရင့်သူများ အပူလျှပ်ဝေဒနာခံစားရပြီး သေဆုံးသူအချို့လည်းရှိသည်ဟု သိရသည်။ ထို့ကြောင့် အပူချိန်မြင့်တက်လာမှုကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို ကျန်းမာရေးဝန်ကြီးဌာနက နေ့စဉ်အသိပေးထုတ်ပြန်လျက်ရှိပြီး ပြည်သူများအနေဖြင့် ကျန်းမာရေးအသိပေးချက်များကို သိရှိလိုက်နာကာ အပူဒဏ်အန္တရာယ်ကို သတိပြုကာကွယ်ကြရမည်ဖြစ်သည်။

နွေရာသီကာလ၌ လူတို့အပူဒဏ်ခံစားကြရသည်မှာ ရှေးကာလများကလည်း ဖြစ်ခဲ့ကြသည်။ ယခုကာလ၌မူ ယခင်ရှေးကာလများကထက် ပိုမို၍ခံစားလာကြရသည်။ ရှေးလူကြီးသူမများက နွေရာသီကာလတွင် အလွန်ပင်ပန်းနွမ်းနယ်သောအလုပ်များကို ရှောင်ရှားကြရန် သတိပေးခဲ့ကြသည်။ ယခုကာလတွင် သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ၊ နာတာရှည်ရောဂါရှိသူ (ဆီးချို၊ သွေးချို၊ နှလုံး၊ သွေးတိုးနှင့် စိတ်ကျန်းမာရေး ချို့ယွင်းသူ)များ၊ ကာယလုပ်သားများ၊ နေပူထဲတွင် အလုပ်လုပ်ရသူများ၊ အားကစားသမားများ၊ အဝလွန်သူများ၊ အရက်စွဲသူများနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများအနေဖြင့် အပူဒဏ်အန္တရာယ်ကို အထူးသတိပြုကြရန် လိုအပ်သည်။

ထို့ကြောင့် ပြည်သူများအနေဖြင့် အရိပ်ရ၍ အေးမြသောနေရာများတွင်သာ နေထိုင်ကြရန်။ မိမိတို့၏ အသားအရေကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကိုသာ ဝတ်ဆင်ရန်။ နေ့ခင်းနေ့လယ် အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းရန်၊ နေကာမျက်မှန်တပ်ဆင်ရန်၊ ရေများများသောက်ရန် လိုအပ်သည်။ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ရန်၊ ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှရှောင်ကြဉ်ရန်။ နေပူထဲမှပြန်လာလျှင် ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ရန်။ ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းတွင်းနှင့် လေအေးပေးထားသောကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်း၊ အရက်သောက်စားခြင်းတို့ကို ရှောင်ကြဉ်သင့်သည်။

အပူဒဏ်အန္တရာယ်နှင့်ပတ်သက်၍ လူတို့တွင်သာမက တိရစ္ဆာန်များကိုပါ သတိပြုကာကွယ်ပေးရန်လိုအပ်သည်။ အပူချိန်ပြင်းထန်မှုသည် လေထု၊ မြေထု၊ ရေထုအားလုံးကို ရိုက်ခတ်သည်။ အပူချိန်ပြင်းထန်မှုကြောင့် မြစ်ချောင်းအင်းအိုင်များတွင် ရေများခန်းခြောက်လာပြီး အောက်ဆီဂျင်များ လျော့နည်းလာတတ်သည်။ ရေထု၊ လေထုတို့ညစ်ညမ်းမှုဖြစ်ပေါ်လာပြီး မွေးမြူရေးတိရစ္ဆာန်၊ သဘာဝတိရစ္ဆာန်များ အသက်ရှင်သန်ရပ်တည်နိုင်ရေး အခက်အခဲများရှိလာသည်။ ထို့ကြောင့် လူတို့အနေဖြင့် သဘာဝတိရစ္ဆာန်များကို ကယ်တင်စောင့်ရှောက်ကြရန်နှင့် မွေးမြူရေးတိရစ္ဆာန်များအတွက် သက်ဆိုင်ရာက အသိပေးထားသော လိုအပ်သည့်ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကို ပြုလုပ်ကြရန်လိုအပ်သည်။

သို့ဖြစ်ရာ သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုကြောင့် ရာသီဥတုပြောင်းလဲမှုများဖြစ်ပေါ်လျက်ရှိရာ ဤနွေကာလ အပူချိန်ပြင်းထန်မှုကို အထူးသတိပြုပြီး ဆောင်ရန်၊ ရှောင်ရန်အချက်များကို လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အသိပေးအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုး ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မအူပင်မြို့တွင် မြို့နယ်အဆင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

မအူပင် ဧပြီ ၂၀

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် မြို့နယ်အဆင့်ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်က အဖွင့်ဩဝါဒချီးမြှင့်ပြီး မအူပင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက သင်တန်းဖွင့်လှစ်ခြင်းအတွက် ဂုဏ်ပြုချီးမြှင့်စကား ပြောကြားသည်။ ယင်းနောက် မအူပင်မြို့နယ်ပညာရေးမှူး ဒေါ်စန်းယုမော်က သင်တန်းဖွင့်လှစ်ရခြင်းကြောင့် အနာဂတ်အတွက် မျိုးဆက်သစ်ကျောင်းသားကျောင်းသူများ ပေါ်ထွန်းလာရေးကို ရည်ရွယ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို ဧပြီ ၂၀ ရက်မှ ၂၃ ရက်အထိ လေးရက်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၀ - ၄ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၀၀၀ | ၄၂ | ၃၃၆,၀၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၀၀ | ၃၈၂ | ၁,၁၃၀,၀၀၀ |
| MCB | ၆,၉၀၀ | ၆,၉၀၀ | ၀ | ၀ |
| FPB | ၁,၄၅၀ | ၁,၄၅၀ | ၄,၃၇၆ | ၆,၁၉၅,၂၀၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၀ | ၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၃၀ | ၇၈,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၃၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဧပြီ ၂၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၃၀၄.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၅.၂၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၁.၁၁၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၃.၂၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၅၆၃ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၁၃.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၇၅.၅ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၆၀.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၈.၅၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်** - ဦးနိုင်လင်းကြည်၊
**စာတည်းများ** ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးကျော်စွာလင်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

✪ ရွှေ့ဖုံးမှ

ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အစည်းအဝေးကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကဆုန်လပြည့်(ဗုဒ္ဓနေ့)သည် **“ဗျာဒိတ် ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နန်းနိဗ္ဗာန်”**ဟူသော မှတ်တမ်းအရ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားရှင်၏ ထူးခြားသောဖြစ်တော်စဉ် ၄ ရပ်ဖြစ်သည့် ဗျာဒိတ်တော်ခံယူတော်မူသည့်နေ့၊ ဖွားမြင်တော်မူသည့်နေ့၊ ဘုရားဖြစ်တော်မူသည့်နေ့နှင့် ပရိနိဗ္ဗာန်စံဝင်တော်မူသည့်နေ့တို့ဖြစ်သည့်အတွက် “ကဆုန်လပြည့်နေ့”ကို ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ အမြတ်ဆုံးနေ့အဖြစ် မှတ်ယူကြကြောင်း။

### ညောင်ရေသွန်းပွဲတော်

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ကဆုန်လပြည့်နေ့တွင် မဟာဗောဓိပင်ကို အမှီပြု၍ သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိတော်မူခဲ့ခြင်းကြောင့် ဗုဒ္ဓဘာသာဝင်များက မြတ်စွာဘုရားရှင်အား ရည်မှန်းအာရုံပြု၍ ကျင်းပလေ့ရှိသည့် မြန်မာ့ရိုးရာ ဆယ့်နှစ်လရာသီပွဲတော်များအနက် **“ကဆုန်လပြည့်(ဗုဒ္ဓနေ့) ညောင်ရေသွန်းပွဲတော်”**ကို အစဉ်အလာအရ ကျင်းပသည့် ရိုးရာပွဲတော်အဖြစ် သတ်မှတ်လာခဲ့သည်မှာ ယနေ့တိုင်ဖြစ်ကြောင်း။

မဟာဗောဓိပင်ဆိုသည်မှာ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူသောနေ့တွင် အတူတကွ ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည့် ဖွားဖက်တော်ခုနစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သကဲ့သို့ သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ရောက်ရှိစေရန် များစွာအထောက်အကူပြုခဲ့သည့်အတွက် ပရိဘောဂစေတီထိုက်သော စေတီတော်တစ်ဆူလည်းဖြစ်ကြောင်း၊ မြေခတ်တွင် ရေခန်းသည့် ကဆုန်လကဲ့သို့သော နွေကာလတွင် မဟာဗောဓိပင်များကို ကဆုန်ညောင်ရေသွန်းလောင်းခြင်းသည် မဟာဗောဓိပင်များ စိမ်းလန်းစိုပြည်၍ အခက်အလက်တို့ ဝေဆာစေခြင်း၊ သက်တမ်းရှည်စေခြင်းနှင့် သက်တော်ထင်ရှားရှိသော ဘုရားရှင်အား ပူဇော်ရာရောက်ခြင်းတို့ကြောင့် တည်ငြိမ်အေးချမ်း၍ သာယာဝပြောသော နိုင်ငံအဖြစ် တည်ရှိစေရုံသာမက နိုင်ငံသူ၊ နိုင်ငံသားများအားလုံးကိုလည်း နှလုံးစိတ်ဝမ်းအေးချမ်းစေလျက် တူညီသော အကျိုးတရားများကို ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကျင်းပမည့် ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာသမိုင်းတွင် ထူးခြားမွန်မြတ်သည့် နေ့ထူးနေ့မြတ်ဖြစ်ကြောင်းကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ကျင်းပခဲ့သည့် “အထွေထွေညီလာခံ” တွင် **“ကဆုန်လပြည့်ဗုဒ္ဓနေ့” ကို နိုင်ငံတကာ ဝိသာခါ အခါတော်နေ့**(International Vesak day or Visākha day)ဟု **ဆုံးဖြတ်ချက်အမှတ် ၅၄/၁၁၅ ဖြင့် ထုတ်ပြန်ခဲ့ကြောင်း။**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ မဟာဗောဓိပင်တော်များ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲအခမ်းအနား ကျင်းပခြင်းကို ယခင်က နေပြည်တော်ကောင်စီနှင့် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့တို့က ဦးဆောင်ကျင်းပခဲ့ပြီး ၂၀၂၁ ခုနှစ် (၁၃)ကြိမ်မြောက်မှစ၍ နိုင်ငံတော်အဆင့် အခမ်းအနားအဖြစ် ကျင်းပဆောင်ရွက်လာခဲ့သည်မှာ သုံးနှစ်မြောက်ရှိပြီဖြစ်ကြောင်း။

### ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်

ကဆုန်လပြည့်နေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်း၌ ဗုဒ္ဓနေ့ဆိုင်ရာ အခမ်းအနားဖြစ်သည့် **“ဗုဒ္ဓနေ့ အထိမ်းအမှတ်အဖြစ် သံဃာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဗုဒ္ဓနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပခြင်း၊ ကဆုန်ညောင်ရေသွန်းလောင်းပွဲ အခမ်းအနား ကျင်းပခြင်း၊ ဆီမီးတိုင်များကိုင်ဆောင်၍ လှည့်လည်ပူဇော်ခြင်း၊ ဓမ္မသဘင်ဆင်ယင်ကျင်းပခြင်း”** စသည့် အခမ်းအနားများကို အပိုင်းငါးပိုင်းခွဲ၍ နိုင်ငံတော် အဆင့်နှင့်အညီ ခမ်းနားထည်ဝါစွာ ကျင်းပသွားမည် ဖြစ်ကြောင်း။

မဟာဗောဓိပင်တော်များကို ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲနှင့်အတူ ဗုဒ္ဓနေ့ဆိုင်ရာ အခမ်းအနားများကို နိုင်ငံတော်အဆင့် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း၊ အဆိုပါ အခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီဖွဲ့စည်းမိန့်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက မေ ၁၁ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၈၉/၂၀၂၄ ဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်သကဲ့သို့ ဦးစီးကော်မတီဖြစ်သည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် မေ ၁၈ ရက်က လုပ်ငန်းကော်မတီနှင့်အတူ ဆပ်ကော်မတီ ၁၃ ခု ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း။

> ❖ **ကဆုန်လပြည့်နေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်း၌ ဗုဒ္ဓနေ့ဆိုင်ရာ အခမ်းအနားဖြစ်သည့် “ဗုဒ္ဓနေ့အထိမ်းအမှတ်အဖြစ် သံဃာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဗုဒ္ဓနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပခြင်း၊ ကဆုန်ညောင်ရေသွန်းလောင်းပွဲ အခမ်းအနားကျင်းပခြင်း၊ ဆီမီးတိုင်များကိုင်ဆောင်၍ လှည့်လည်ပူဇော်ခြင်း၊ ဓမ္မသဘင်ဆင်ယင်ကျင်းပခြင်း” စသည့် အခမ်းအနားများကို အပိုင်းငါးပိုင်းခွဲ၍ နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်**

ဗုဒ္ဓနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲ အခမ်းအနားတွင် မြတ်စွာဘုရားရှင်၏ ထူးခြားသည့် ဖြစ်တော်စဉ် ၄ ရပ်ကို စာတမ်းများပြုစုဖတ်ကြားမည့် စာတမ်းရှင် ဆရာတော်လေးပါး ရွေးချယ်ပေးနိုင်ရေးအတွက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ကြီးနှင့် ဗုဒ္ဓတက္ကသိုလ် သုံးခုမှ ပါမောက္ခချုပ်ဆရာတော်ကြီးများကို လျှောက်ထားပြီးဖြစ်ကြောင်း၊ ထို့အတူ ပါမောက္ခချုပ်ဆရာတော်သုံးပါးက သဘာပတိအဖွဲ့အဖြစ် ဆောင်ရွက်ပေးနိုင်ရေးကိုလည်း လျှောက်ထားပြီးဖြစ်သည်ကို သိရကြောင်း။

### စီစဉ်လျာထားပြီးဖြစ်

ဆီမီးတိုင်များ ကိုင်ဆောင်လှည့်လည်ပူဇော်ပွဲကိုလည်း နိုင်ငံတော်အဆင့်နှင့်အညီ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း၊ အခမ်းအနားအတွက် လိုအပ်သည့် သာသနာ့အလံကိုင် အမျိုးသား ၈၀ နှင့် ဆီမီးတိုင်များ ကိုင်ဆောင်မည့်သူ အမျိုးသမီး ၁၀၀၀ ရရှိရေးကိုလည်း စီစဉ်လျာထားပြီးဖြစ်ကြောင်း၊ လိုအပ်သည့် မော်တော်ယာဉ်အရေအတွက်ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ဖြစ်သည့်အတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

သတ်မှတ်ထားသည့် စစ်ကြောင်းအလိုက် လှည့်လည်ပူဇော်မည့် သရုပ်ပြမော်တော်ယာဉ်များကို တာဝန်ယူဆောင်ရွက်ကြမည့် ဝန်ကြီးဌာနများ အနေဖြင့် နိုင်ငံတော်အဆင့်နှင့်အညီ သပ္ပာယ်ကြည်ညိုဖွယ်ဖြစ်အောင် ပြင်ဆင်ကြရန်လိုအပ်ပြီး နိုင်ငံပိုင် Media များမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်သည့်အတွက် ပိဋကတ်စာပေနှင့် ကိုက်ညီမှုရှိအောင် ဆောင်ရွက်ကြစေလိုကြောင်း။

ယခုကျင်းပမည့် မဟာမင်္ဂလာအခမ်းအနားများကို အပိုင်းငါးပိုင်းခွဲ ကျင်းပသွားမည်ဖြစ်သည့်အတွက် ကျင်းပမည့်နေရာများနှင့် ဆက်စပ်နေရာများကို လုံခြုံရေးအရ အခမ်းအနား ကျင်းပပြီးဆုံးသည်အထိ လွှမ်းခြုံနိုင်အောင် လုံခြုံရေးအသိ လုံခြုံရေးသတိဖြင့် ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ စနစ်တကျ စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဆပ်ကော်မတီများအနေဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆွေးနွေးအကြံပြုတင်ပြလိုသည်များကို ပွင့်လင်းစွာရှင်းလင်းတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲနှင့် ဗုဒ္ဓနေ့ဆိုင်ရာ အခမ်းအနားများ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေး လုပ်ငန်းဆောင်ရွက်ချက်များကို လည်းကောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအေးထွန်းက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲနှင့်အတူ ဗုဒ္ဓနေ့ဆိုင်ရာ အခမ်းအနားများကျင်းပမည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ဆီမီးတိုင်များကိုင်ဆောင်လှည့်လည်ပူဇော်ရေးဆပ်ကော်မတီ၊ ဓမ္မသဘင်ဆင်ယင်ကျင်းပရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ စာတမ်းဖတ်ပွဲ ကျင်းပရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ လှူဖွယ်ပစ္စည်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဆပ်ကော်မတီ၊ ဧည့်ခံဖျော်ဖြေရေးဆပ်ကော်မတီ၊ သရုပ်ပြမော်တော်ယာဉ်များပြုလုပ်ရေး ဆပ်ကော်မတီ၊ ကဆုန်ညောင်ရေသွန်းလောင်းပွဲ ကျင်းပရေးနှင့် မဏ္ဍပ်များဆောက်လုပ်ရေး ဆပ်ကော်မတီ၊ သတင်းမှတ်တမ်းနှင့် ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီ တာဝန်ရှိသူများက ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာမဟာမင်္ဂလာအခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများ ကျင်းပရေး နာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

> ❖ **မဟာဗောဓိပင်ဆိုသည်မှာ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူသောနေ့တွင် အတူတကွ ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည့် ဖွားဖက်တော်ခုနစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သကဲ့သို့ သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိစေရန် များစွာအထောက်အကူပြုခဲ့သည့်အတွက် ပရိဘောဂစေတီထိုက်သော စေတီတော်တစ်ဆူလည်းဖြစ်**
>
> ❖ **မြေခတ်တွင် ရေခန်းသည့် ကဆုန်လကဲ့သို့သော နွေကာလတွင် မဟာဗောဓိပင်များကို ကဆုန်ညောင်ရေသွန်းလောင်းခြင်းသည် မဟာဗောဓိပင်များ စိမ်းလန်းစိုပြည်၍ အခက်အလက်တို့ ဝေဆာစေခြင်း၊ သက်တမ်းရှည်စေခြင်းနှင့် သက်တော်ထင်ရှားရှိသော ဘုရားရှင်အား ပူဇော်ရာရောက်ခြင်းတို့ကြောင့် တည်ငြိမ်အေးချမ်း၍ သာယာဝပြောသော နိုင်ငံအဖြစ် တည်ရှိစေရုံသာမက နိုင်ငံသူ၊ နိုင်ငံသားများအားလုံးကိုလည်း နှလုံးစိတ်ဝမ်း အေးချမ်းစေလျက် တူညီသောအကျိုးတရားများကို ဖြစ်ထွန်းစေမည်**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားမှုရှိ၊ မရှိ စစ်ဆေး

**နေပြည်တော် ဧပြီ ၂၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၆/၂၀၂၃) ဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို ဧပြီ ၂၀ ရက်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် ပြုခဲ့ပြီးဖြစ်သည်။

မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားမှုရှိ၊ မရှိအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် အဖွဲ့ဝင်များက ယနေ့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်၌ ကြည့်ရှုစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၆/ ၂၀၂၃ )
၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်
(၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်းနှင့် ရွှေပြည်တော်ဝင်လမ်းထောင့်၊ အကွက်အမှတ် (၅) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ**ကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၁) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# နေပြည်တော် ခုတင် (၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ဆေးရုံသုံးစက်ပစ္စည်းများနှင့် အလှူငွေများ လှူဒါန်း

**နေပြည်တော် ဧပြီ ၂၀**

နေပြည်တော် ခုတင် (၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ဆေးရုံသုံးစက်ပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် အဆိုပါဆေးရုံကြီးရှိ အုပ်ချုပ်မှုဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် အလှူရှင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားရာတွင် ခုတင် (၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် မိသားစုသဖွယ် စောင့်ရှောက်ကုသပေးကြသည့် သမားတော်ကြီးများ၊ ဆရာဝန်ကြီးများ၊ ကျန်းမာရေးဆိုင်ရာဝန်ထမ်းများနှင့် ဆေးရုံကြီး၏ ကျေးဇူးကို အထူးအလေးထား တုံ့ပြန်သောအားဖြင့် မိမိနှင့် မိသားစုများအနေဖြင့် ဤဆေးရုံကြီးအတွက် အသက်ရှူလမ်းကြောင်းဆိုင်ရာ အရေးပေါ်ဝေဒနာရှင်များ အထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး အလွယ်တကူ သယ်ဆောင်အသုံးပြုနိုင်သည့် ချွဲစုပ်စက်နှင့် အောက်ဆီဂျင်စက်တို့ကို လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အလှူရှင်မိသားစုက ဆေးရုံသုံးစက်ပစ္စည်းများဖြစ်သော ချွဲစုပ်စက်၊ အောက်ဆီဂျင်စက်၊ (Wheel Chair)နှင့် အလှူငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နေပြည်တော် ခုတင် (၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသည် ဗဟိုအဆင့်ဆေးရုံကြီးဖြစ်ပြီး အထူးသဖြင့် အရေးပေါ်ကုသဆောင်ရွက်ရမှုကိစ္စရပ်များ၊ ကပ်ရောဂါများဖြစ်လာချိန်တွင် ပြည်သူလူထုက စိတ်အားထက်သန်စွာ ပစ္စည်းများလှူဒါန်းခြင်း၊ အလှူငွေ လှူဒါန်းခြင်းများ ဆောင်ရွက်ပေးသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်အခါ များစွာအဆင်ပြေချောမွေ့ခဲ့ပါကြောင်း၊ ယခုကဲ့သို့ ဆေးရုံကြီး၏ လိုအပ်ချက်ကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## SCO Students Talk Taiknoauts of Shin-zhou -15 ခေါင်းစဉ်ဖြင့် တရုတ်နိုင်ငံက ကြီးမှူးကျင်းပသည့် ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများ အွန်လိုင်းဖြင့် တက်ရောက်လေ့လာ

**ရန်ကုန် ဧပြီ ၂၀**

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Shanghai Cooperation Organization –SCO) အဖွဲ့ဝင်နိုင်ငံများအကြား SCO Students Talk Taiknoauts of Shin–zhou –15 ခေါင်းစဉ်ဖြင့် တရုတ်နိုင်ငံက ကြီးမှူးကျင်းပသည့် ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူ ၂၀ သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂) အထက်တန်းကျောင်းမှ အွန်လိုင်းဖြင့် တက်ရောက်လေ့လာကြသည်။

အွန်လိုင်းဆွေးနွေးပွဲတွင် Tiangong အာကာသယာဉ်စခန်းမှ Shenzhou–15 အာကာသယာဉ်မှူးများနှင့် SCO အဖွဲ့ဝင်နိုင်ငံများမှ ကျောင်းသား ကျောင်းသူများ စကားဝိုင်းဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများအနေဖြင့် အာကာသယာဉ်မှူးများ အာကာသယာဉ်အတွင်း နေထိုင်မှုနှင့် နည်းပညာပိုင်းဆိုင်ရာ တိုးတက်မှုအခြေအနေများကို လေ့လာနိုင်မည်ဖြစ်သည်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းတွင် ကျင်းပသည့် Shanghai Cooperation Organization အစီအစဉ်၌ Russia၊ China၊ India၊ Kazakhstan၊ Kyrgyzstan၊ Pakistan၊ Tajikistan၊ Uzbekistan၊ Iran၊ Belarus၊ Mongolia စသည့် နိုင်ငံများမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများအနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ ပညာရေးဝန်ကြီးဌာနသို့ ဖိတ်ကြားမှုဖြင့် အွန်လိုင်းမှ စိတ်ပါဝင်စားစွာ တက်ရောက် လေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၀

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးလွင်မြင့်၊ Nebula X Entertainment မှ တာဝန်ရှိသူများ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မကြာမီ ကျင်းပမည့် ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်၊ ၂၀၂၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားသည် အနုပညာလောက ပြန်လည်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အရှိန်အဟုန်တစ်ခုဖြစ်ပါကြောင်း၊ အနုပညာလောကအတွက်၊ ပြည်သူလူထုအတွက် အနှစ်သာရရှိပြီး စိတ်ဝင်စားမှု အရှိဆုံးအခမ်းအနားတစ်ခုလည်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အရေးကြီးသည့် အခမ်းအနားတစ်ခုဟု ဆိုချင်ပါကြောင်း၊ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေး၊ ထူးချွန်အနုပညာရှင်၊ အတတ်ပညာရှင်များအား ဆုများပေးအပ်ချီးမြှင့်ရေးအတွက် အနုပညာရှင်များ၏ ဆန္ဒကို နားထောင်ပြီး အကောင်းဆုံးပြင်ဆင်ဆောင်ရွက်ထားပါကြောင်း၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားသို့ အနုပညာရှင်များ အားလုံးက စိတ်တူကိုယ်တူဖြင့် မပျက်မကွက် ပူးပေါင်းပါဝင် တက်ရောက်ကြစေလိုပါကြောင်းနှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် အနုပညာရှင်များအနက်မှ ဖက်ရှင်ဆု ရွေးချယ် ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

ထို့နောက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က ဆွေးနွေးပြောကြားပြီး လုပ်ငန်းကော်မတီအတွင်းရေးမှူးက မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားအတွက် ဆောင်ရွက်မည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ Nebula X Entertainment Co.,Ltd မှ Art Director က မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပမည့်စင်မြင့်တွင် စိတ်ကူးပုံဖော်ဖန်တီးမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌများ၊ တက်ရောက်လာကြသူများက ပါဝင်တင်ဆက်သွားမည့် အစီအစဉ်များ၊ တေးသီချင်းများအပါအဝင် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဒုတိယမြို့တော်ဝန်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများ၊ အစည်းအဝေးတက်ရောက်လာကြသူများသည် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကျင်းပမည့် နေပြည်တော် မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံသို့သွားရောက်ပြီး ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပမည့် စင်မြင့်တည်ဆောက်ပြီးစီးမှုအခြေအနေ၊ မီဒီယာဇုန်နှင့် ဂုဏ်ပြုခံလျှောက်လမ်း (Red Carpet)နေရာ၊ မုခ်ဦးများ တည်ဆောက်နေမှု၊ မီးအလှဆင်ခြင်း၊ LED တပ်ဆင်ခြင်း၊ အသံစနစ် တပ်ဆင်ခြင်းများအတွက် ပြင်ဆင်ထားရှိမှု၊ ပွဲခင်းထိုင်ခုံများ၊ ဖျော်ဖြေရေးစင်မြင့်များ၊ အုပ်ချုပ်မှုဆိုင်ရာနေရာများ ပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား ကျင်းပမည့် နေပြည်တော် မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ဖိုရမ်ကျင်းပ

နေပြည်တော် မေ ၂၀

မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် Bank of China (Hong Kong) Yangon Branch တို့ ပူးပေါင်းပြုလုပ်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာဖိုရမ်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲ၌ ယနေ့နံနက် ၉ နာရီခွဲတွင် ပြုလုပ်ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌတို့က အဖွင့်အမှာစကားများပြောကြားပြီး Bank of China (Hong Kong) Yangon Branch ၏ Chief Executive Officer Mr. LIU Ying ကနှုတ်ခွန်းဆက်စကားပြောကြားသည်။

အဆိုပါဖိုရမ်တွင် Bank of China (Hong Kong)မှ တာဝန်ရှိသူနှစ်ဦးက ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့် အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ခြင်းဆိုင်ရာ အစီအစဉ်များ၊ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးမူဘောင်နှင့် Bank of China (Hong Kong)၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို အသေးစိတ်ဆွေးနွေးတင်ပြကြရာ တက်ရောက်လာသည့် ဘဏ်များနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များက အကြံပြုဆွေးနွေးချက်များနှင့် သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးကြသည်။



ဖိုရမ်သို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အရာရှိကြီးများ၊ Bank of China (Hong Kong) Yangon Branch မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် (နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး)၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် (မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး)၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကဘဏ်များ၊ နိုင်ငံခြားဘဏ် ဘဏ်ခွဲများနှင့်နိုင်ငံခြားလက်အောက်ခံဘဏ်များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အနုပညာသည် ပြည်သူအတွက်မို့ လက်ခုပ်တီး၍ကြိုဆိုမည် မြန်မာ့ရုပ်ရှင်အကယ်ဒမီ . . . .

နွေကုံကော်(မြို့လှ)

၂၀၂၃ ခုနှစ် မေလ ၆ ရက်နေ့တွင် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု၊ တစ်နည်းအားဖြင့် အကယ်ဒမီဆုပေးပွဲကြီးကို နေပြည်တော်၌ ကျင်းပတော့မည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မချီးမြှင့်နိုင်ခဲ့သည့် ၂၀၁၉၊ ၂၀၂၀၊ ၂၀၂၂ ခုနှစ် သုံးနှစ်စာအတွက် ချီးမြှင့်မည်ဖြစ်သောကြောင့် အကျုံးဝင်သည့် အနုပညာရှင်များနှင့် အတတ်ပညာရှင်များကတော့ ပြုံးပျော်နေကြပေတော့မည်။ ဆုပေးပွဲကြီးကိုလည်း ခမ်းနားထည်ဝါစွာ၊ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်အောင် တာဝန်ရှိသူအသီးသီးက စီမံဆောင်ရွက်နေသဖြင့် အချိုပေါ်သကာလောင်းသည့်နှယ် ရှိနေပါတော့သည်။ ၁၉၅၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော မြန်မာ့ရုပ်ရှင်ထူးချွန်ဆုသက်တမ်းသည် နှစ်ပေါင်း ၇၀ ကျော်လွန်ခဲ့ပြီဖြစ်ပြီး မကြာမီစိန်ရတုကာလဆီ ရောက်ရှိပါတော့မည်။ အကယ်ဒမီဆုပေးပွဲ ပြန်လည်ကျင်းပမည့်သတင်းများကို စတင်ကြားသိခဲ့စဉ်ကပင် ပြည်သူထဲက ပြည်သူတစ်ဦးအနေဖြင့် စာရေးသူဝမ်းသာမိခဲ့သည်။ ကိုယ့်ပတ်ဝန်းကျင်မှ မိတ်ဆွေများသည်လည်း ထိုနည်းအတိုင်း ပျော်ရွှင်မှုနှင့်အတူ မုဒိတာစိတ်များ ဖြစ်ပေါ်ခဲ့ကြသည်။

## အနုပညာရှင်တို့၏အောင်ပွဲ

မိမိတို့ ချစ်ခင်အားပေးသော အနုပညာရှင်များအတွက် လက်ခုပ်တီးအားပေးရန် ပြင်ဆင်နေကြလေပြီ။ ပြည်သူများပင် ကြိုတင်ဝမ်းသာနေပြီဆိုပါက ကာယကံရှင်များအတွက်မူကား ဆိုဖွယ်ရာမရှိတော့ပြီ။ အနုပညာသည် ပြည်သူအတွက်ဟူသည့် ဆိုစကားအတိုင်း ပြည်သူက ပြန်လည်အသိအမှတ်ပြုသော အနုပညာရှင်တို့၏အောင်ပွဲဟုပင် ဆိုရမည်ဖြစ်သည်။ အကယ်ဒမီသက်တမ်း နှစ် ၇၀ ကျော်ကာလတွင် စာရေးသူမီခဲ့သည်က ၃၅ နှစ်ဖြစ်၏။ ဆိုရလျှင် အကယ်ဒမီသက်တမ်းတစ်ဝက်ပင်။ စာရေးသူတို့ငယ်စဉ်က အဖြူအမည်းတီဗွီလေးဖြင့် အားလပ်ချိန်များကို အပန်းဖြေခွင့်ရခဲ့ကြသည်။ ယောက်ျားလေးများပီပီ ပြည်တွင်း၊ ပြည်ပဘောလုံးပြိုင်ပွဲများကို ပိုမိုအားပေးဖြစ်ခဲ့ကြသည်။ တနင်္ဂနွေနေ့လယ်တွင်မူ ရုပ်ရှင်ဇာတ်ကားကောင်းများ ပြန်လည်ပြသတတ်သည်မို့ စောင့်မျှော်ကြည့်ရှုတတ်ကြပြန်သည်။ အကယ်ဒမီပေးပွဲလာတော့မည့် သတင်းကြားသည်နှင့် ရွာရှိအပျိုတစ်သိုက်ရော အဒေါ်ကြီး အဒေါ်လေးများပါ လှုပ်လှုပ်ရွရွဖြစ်လာကြသည်ကို မှတ်မိနေပါသေးသည်။

ယောက်ျားလေးများထက် မိန်းကလေးများက အကယ်ဒမီကို ပိုမိုစိတ်ဝင်စားခဲ့ကြသည်။ ဘယ်သူရမည် ဘယ်ဝါရမည်ဟူသော ထင်ကြေးများဖြင့် ခန့်မှန်းလို့ မဆုံးနိုင်ခဲ့ကြ။ ငယ်စဉ်ကပင် အနုပညာသွေးတို့ ကိန်းအောင်းခဲ့သော စာရေးသူအနေဖြင့် အကယ်ဒမီဆုပေးပွဲလာသောနေ့များတွင် အဒေါ်၊ အစ်မများကြားရောက်ပြီး အဖြူအမည်းတီဗွီလေးမှတစ်ဆင့် သူတို့ကဲ့သို့ ရင်ခုန်ခဲ့ရသည်။ မီးဆလိုက်ကြီးများက မည်သူ့ဆီရောက်သွားမလဲ၊ ဆုကြေညာသူက မည်သူ့ကိုကြေညာလိုက်မလဲ သို့လောသို့လော အတွေးခံစားချက်များက ပရိသတ်များကိုပင် ရင်သိမ့်တုန်စေခဲ့သည်။ အခြားသော အသံပိုင်း၊ ဓာတ်ပုံပိုင်း၊ ဓာတ်ညွှန်းပိုင်းဆိုင်ရာဆုများထက် မင်းသား၊ မင်းသမီးဇာတ်ဆောင်၊ ဇာတ်ပို့ဆုများကို ပိုမိုရင်ခုန်မိခဲ့ကြသည်။



ရန်ကုန်မြို့ The One Entertainment Park ၌ ကျင်းပခဲ့သည့် ၂၀၁၈ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် အကယ်ဒမီထူးချွန်ဆုရရှိသူများကို တွေ့ရစဉ်။

ထိုမင်းသား၊ မင်းသမီးများကို အားကျစိတ်ဖြင့် ကိုယ်ကြိုက်နှစ်သက်ရာအမည်နာမများကိုယူလျက် ကိုယ့်ဘဝအတွက် ကိုယ်တိုင်မင်းသား၊ မင်းသမီးများဖြစ်စေခဲ့ကြသည်။ ပျိုးနုတ်ချိန်၊ ကောက်စိုက်ချိန်မှသည် လယ်ယာရိတ်သိမ်းချိန်အထိ မင်းသား၊ မင်းသမီးတို့၏အကြောင်း ပြောမဆုံးနိုင်ခဲ့ကြ။ ဘောလုံးပွဲကြည့်ပြီးလျှင်လည်း ထိုအတိုင်းပင်။ မိမိတို့ဘာသာ သန်းတိုးအောင်၊ မျိုးလှိုင်ဝင်း၊ စိုးမြတ်မင်းအမည်များ ခံယူလိုက်ကြသည်။ လေးစားအားကျအတုယူစိတ်ကြောင့်ဖြစ်ပါ၏။

## စာရိတ္တမဏ္ဍိုင်ကို တည့်မတ်ပေး

အဆို၊ အက၊ အရေး၊ အတီး အနုသုခုမပညာရပ်အားလုံးသည် ပြည်သူတို့၏ စာရိတ္တမဏ္ဍိုင်ကို တည့်မတ်ပေးစေသောအရာများဖြစ်ကြ၏။ အဆိုတော်ကြီး တွံတေးသိန်းတန်၏ တေးသီချင်းများကြောင့် ကျေးလက်နေပြည်သူများ၏ဘဝကို ကွက်ကွက်ကွင်းကွင်း မြင်တွေ့ခဲ့ကြရသည်။ စာရေးဆရာကြီးများစွာ၏ ကလောင်စွမ်းများကြောင့် ပြည်သူတို့နားမျက်စိပွင့်ခဲ့ရသည်။ ဟာသပညာရှင်များ၏ ပြက်လုံးများကြောင့် ဘဝအမောများပြေကာ လုပ်ငန်းခွင်ထဲ အားအင်တိုးပွားခဲ့ရသည်။

ထိုသို့ အနုပညာရှင်များပေးသော သတင်းစကားကို ရယူလျက် ဘဝလမ်းကြောင်း မတိမ်းစောင်းအောင် လျှောက်လှမ်းနေသူများထဲတွင် ပြည်သူထဲက ပြည်သူတစ်ဦးဖြစ်သော စာရေးသူလည်းအပါအဝင်ဖြစ်၏။ ငယ်စဉ်ကာလ ရွာတောင်ပိုင်းဗီဒီယိုရုံတွင် နေထက်လင်း၊ သီဟတင်စိုးဇာတ်ကားများ ကြည့်ပြီးတိုင်း သူတို့ကဲ့သို့ နယ်ချဲ့ကို တိုက်ထုတ်ချင်သည့် တိုက်ပွဲဝင်မင်းသားများဖြစ်ချင်ခဲ့သည်။ ထို့နောက်ပိုင်း ဝေလည်းမွှေး ကြွေလည်းမွှေးမှ ပြောင်မြောက်သော သရုပ်ဆောင်ချက်များကို ကြည့်ခဲ့ရပြီး တပ်မတော်သားဘဝကို ပိုမိုခုံမင်ခဲ့သည်။

## မှတ်မှတ်ထင်ထင်ရှိနေသော ရုပ်ရှင်ဇာတ်ကားများ

ယနေ့အချိန်အထိ မှတ်မှတ်ထင်ထင်ရှိနေသော ရုပ်ရှင်ဇာတ်ကားများကို ရွေးထုတ်ရမည်ဆိုပါလျှင် ရွှေချည်ငွေချည်တန်းပါလို့၊ ပန်းမြိုင်လယ်ကဥယျာဉ်မှူး၊ သူ့ကျွန်မခံပြီ၊ တိုက်ပွဲခေါ်သံ၊ သကြ်န်မိုး၊ အဖေ့နေရာ၊ ဒိုး၊ ဆဋ္ဌဂံ၊ ဆန်ရေ၊ အမေ့နို့ဖိုး၊ ငယ်သူမို့မသိပါ၊ အများနှင့်မသက်ဆိုင်သောသူ၊ ကိုးဆယ်ဆသာလိမ့်မယ်၊ ကြိုးကြာတောင်ပံခတ်သံ စသည့် စသည့် ရုပ်ရှင်ဇာတ်ကားများက ဦးနှောက်ထဲ အစီအရီဝင်ရောက်လာခဲ့သည်။

ထိုရုပ်ရှင်ဇာတ်ကားပေါင်းများစွာအပြင် အခြားသော ရသကိုးပါးတို့ဖြင့် ပုံဖော်ရိုက်ကူးခဲ့သည့် ရုပ်ရှင်များစွာသည်လည်း မြန်မာ့ရုပ်ရှင်သမိုင်းနှင့် ပရိသတ်တို့၏ရင်ထဲ ထင်ကျန်နေဆဲဖြစ်သည်။ ဇာတ်ကားများကောင်း၍ သရုပ်ဆောင်မှုပိုင်း ကောင်းမွန်ကြသည့်တိုင် ဆုတို့၏သဘောသဘာဝအတိုင်း အားပေးသူပရိသတ်များ၏ ဆန္ဒနှင့်အကဲဖြတ်ရွေးချယ်သည့် ပညာရှင်ကြီးများ၏ အတည်ပြုချက်များကလည်း ကွဲလွဲမှုရှိတတ်ကြစမြဲသာ။ ရုပ်ရှင်အကယ်ဒမီဆု ရွေးချယ်ရေးတွင်သာမဟုတ်ဘဲ အခြားသော စာပေ၊ ဂီတ၊ အားကစားနယ်ပယ်အသီးသီးတွင်လည်း ထိုနည်းအတိုင်း ကွဲပြားမှုများရှိနေတတ်သည်ကို သတိပြုလျှင် တွေ့ရပါလိမ့်မည်။

ပရော်ဖက်ရှင်နယ် အားကစားသမားများအနေဖြင့် ကျင်လည်ရာအားကစားနည်းအလိုက် တစ်ဦးချင်း အသိအမှတ်ပြုတံဆိပ်များကို မျှော်မှန်းတတ်ကြသည့်အားလျော်စွာ အနုပညာရှင်များအနေဖြင့်လည်း သူတို့၏ရွှေရောင်အိပ်မက်များဖြစ်သည့် ထူးချွန်ဆုများကို မျှော်မှန်းတတ်ကြစမြဲပင်။ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုအကယ်ဒမီသည်ကား ရုပ်ရှင်လောကသားတိုင်း အမြတ်တနိုးတန်ဖိုးထားသည့် ဆုပင်ဖြစ်၏။

စာမျက်နှာ ၇ သို့ ✦

**မေလ ၆ ရက်နေ့တွင် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု၊ တစ်နည်းအားဖြင့် အကယ်ဒမီဆုပေးပွဲကြီးကို နေပြည်တော်၌ ကျင်းပတော့မည်။ မိမိတို့ ချစ်ခင်အားပေးသော အနုပညာရှင်များအတွက် လက်ခုပ်တီးအားပေးရန် ပြင်ဆင်နေကြလေပြီ။ ပြည်သူများပင် ကြိုတင်ဝမ်းသာနေပြီဆိုပါက ကာယကံရှင်များအတွက်မူကား ဆိုဖွယ်ရာမရှိတော့ပြီ။ အနုပညာသည် ပြည်သူအတွက်ဟူသည့် ဆိုစကားအတိုင်း ပြည်သူက ပြန်လည်အသိအမှတ်ပြုသော အနုပညာရှင်တို့၏အောင်ပွဲဟုပင် ဆိုရမည်ဖြစ်သည်။**

**ဆုမရဖူးသေးသူများအနေဖြင့် ရွှေစင်ရုပ်တု ပိုင်ဆိုင်ချင်သကဲ့သို့ ရပြီးသူများကလည်း ဆက်ရနိုင်ရေးကြိုးစားကာ သမိုင်းမှတ်တမ်းကောင်းစံချိန်များ စိုက်ထူလိုကြသည်။ ဆုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အနုပညာသည် ပြည်သူအတွက်ဟူသော လမ်းစဉ်အတိုင်းကျင့်ကြံပြီး ရွှေစင်ရုပ်တုများ ပိုင်ဆိုင်ခွင့်မရသည့်တိုင် ပြည်သူချစ်သောအနုပညာရှင်များစွာရှိ**

# ချင်းပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



ဟားခါး မေ ၂၀

ချင်းပြည်နယ်အတွင်း စားရေရိက္ခာဖူလုံနိုင်ရေးနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မေ ၁၉ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန် တက်ရောက်အမှာစကားပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှု စီမံကြီးကြပ်မှုကော်မတီအနေဖြင့် အထက်မှညွှန်ကြားချက်များကို ခရိုင်၊ မြို့နယ်ကော်မတီများသို့ အသိပေးချပြ၍ ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ခွဲဝေချပေးထားသည့် ဘဏ္ဍာငွေများဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများနှင့်ပတ်သက်၍ အားလုံးက ဝိုင်းဝန်းဆွေးနွေး တင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်က ချင်းပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အကြံပြုဆွေးနွေးပြောကြားသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသည့် ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်နယ်သမဝါယမဦးစီးဌာန၊ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနနှင့် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနတို့မှ ပြည်နယ်ဦးစီးမှူးများက မိမိတို့ဌာနအလိုက် စားရေရိက္ခာဖူလုံရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့် နိုင်ငံတော်မှ ခွဲဝေခွင့်ပြုသည့် ဘဏ္ဍာငွေများဖြင့် ဆောင်ရွက်သည့်လုပ်ငန်းပမာဏ၊ အခြားဖြည့်စွက်ဆောင်ရွက်ပေးသည့် လုပ်ငန်းများနှင့် အကျိုးပြုမှုအခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# ကျေးရွာ ၁၇ ရွာ၌ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၇၀၀ ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး

ကျေးသီး မေ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာ ၁၇ ရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၇၀၀ ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးသီးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၇ ရွာ၌ မြေသားလမ်းသဲဖြန့်ခင်းခြင်းလုပ်ငန်း ၁၂ ခု၊ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းနှစ်ခု၊ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းတစ်ခု၊ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းတစ်ခုနှင့် ရေရရှိရေးလုပ်ငန်းတစ်ခု စုစုပေါင်းလုပ်ငန်း ၁၇ ခုကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။



အဆိုပါကျေးရွာရှိလုပ်ငန်းပေါင်း ၁၇ ခုကို ကျေးရွာတစ်ရွာလျှင် စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်းတစ်ရာ၊ ကျေးရွာပြည်သူထည့်ဝင်ငွေများကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကျေးရွာ ၁၇ ရွာရှိ အကျိုးပြုအိမ်ခြေ ၆၁၀၊ လူဦးရေ ၃၂၄၅ ဦးတို့ကို အကျိုးပြုနိုင်ခဲ့ကြောင်း သိရသည်။

JJJ

# မော်လမြိုင်ကျွန်းမြို့နယ်တွင် လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်

မော်လမြိုင်ကျွန်း မေ ၂၀

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် လျှပ်စစ်ဓာတ်အား လိုင်းများနှင့် ထရန်စဖော်မာများအား ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဇန်နဝါရီလမှစတင်၍ ယနေ့အထိ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ လျှပ်စစ်သုံးစွဲသူ ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာအသုံးပြုနိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု လျှော့ချနိုင်ရေးနှင့် တရားမဝင် ဓာတ်အားများ သုံးစွဲမှုများ မရှိစေရေးတို့အတွက်မော်လမြိုင်ကျွန်းမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထက်အောင်နှင့်




ဝန်ထမ်းများက ၁၁/သုည ဒသမ ၄ ကေဗွီထရန်စဖော်မာများ ၁၁ ကေဗွီ ဓာတ်အားလိုင်းများနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ ကြံ့ခိုင်မှု စစ်ဆေးပြုပြင် ထိန်းသိမ်းခြင်း၊ မြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာများရှိ မီတာများ စစ်ဆေးခြင်း၊ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

✦ စာမျက်နှာ ၆ မှ

ဆုမရဖူးသေးသူများအနေဖြင့် ရွှေစင်ရုပ်တု ပိုင်ဆိုင်ချင်သကဲ့သို့ ရပြီးသူများကလည်း ဆက်ရနိုင်ရေးကြိုးစားကာ သမိုင်းမှတ်တမ်းကောင်းစံချိန်များ စိုက်ထူလိုကြသည်။ ဆုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အနုပညာသည် ပြည်သူအတွက်ဟူသော လမ်းစဉ်အတိုင်းကျင့်ကြံပြီး ရွှေစင်ရုပ်တုများ ပိုင်ဆိုင်ခွင့်မရသည့်တိုင် ပြည်သူချစ်သောအနုပညာရှင်များစွာ ရှိနေပါသေးသည်။

### တိုင်းပြည်အတွက် အဆိပ်အတောက်

အရေးကြီးသည်မှာ အနုပညာသည် ပြည်သူအတွက်ဟူသော ခေါင်းစဉ်အား လွဲမှားစွာ မခံယူ အသုံးမချရေးပင်ဖြစ်၏။ စာရေးသူနှစ်သက်၍ နှလုံးသားထဲစွဲနေသော အထက်တွင်ဖော်ပြခဲ့သည့် ရုပ်ရှင်ဇာတ်ကားများက သက်သေဖြစ်သည်။ အခြားသော ရုပ်ရှင်ဇာတ်ကားကြီးများလည်း ကျန်ရှိနေပါသေးသည်။ ပြည်သူ့လက်ခုပ်သံရရှိရေးအတွက် လူပြိန်းကြိုက် ရေးသားဖျော်ဖြေတင်ဆက်မှုများသည် တိုင်းပြည်အတွက် အဆိပ်အတောက်ပင်ဖြစ်၏။

ထိုအဆိပ်ငွေ့ကို ဦးဆုံးရှူရှိုက်ရမည့်သူက မိမိဖြစ်သည်ကို သတိပြုစေလိုသည်။ ပြည်သူ့လက်ခုပ်သံကို ညာယူမိလျှင် ပြည်သူက ပြန်လည်အပ်နှင်းမည့် အနုပညာအောင်မြင်မှုအသီးအပွင့်ကို ပြန်လည်ခံစားခွင့်ရနိုင်မည် မဟုတ်ပါချေ။ အနုပညာရှင်သည် မိမိတို့တတ်ကျွမ်းသော အနုပညာရပ်အသီးသီးဖြင့် တိုင်းပြည်ကို အလှခြယ်လျှင် အမိတိုင်းပြည်သည် ဆေးရောင်စုံပန်းချီကားတစ်ချပ်ပမာ လှပနေလိမ့်မည်ဖြစ်သည်။ တိုင်းပြည်၏လှပဝေဆာနေသော ထိုဆေးရောင်စုံအလှများကိုကြည့်လျက် မျိုးဆက်သစ်တိုင်းရင်းသားပြည်သူများ ကြည်နူးပီတိဖြစ်ကြပါလိမ့်မည်။ ထိုကြည်နူးအားကျစိတ်များဖြင့် တိုင်းပြည်၏ ပခုံးပြောင်းတာဝန်များကို လက်ဆင့်ကမ်းသယ်ယူကြလိမ့်မည်ဖြစ်သည်။

ဤနေရာတွင် သတိပြုဖွယ်အရာလေးတစ်ခု ခေါင်းထဲပေါ်လာသည်။ စာရေးသူတို့ငယ်စဉ်က မိမိတို့သဘောကျနှစ်သက်သည့် မင်းသား၊ မင်းသမီးများ၏ အမည်ကိုသာ ကိုယ့်ကိုယ်ကိုယ် ကင်ပွန်းတပ်ကြပြီး ဇာတ်ပို့လူကြမ်းသရုပ်ဆောင်များ ဗီလိန်များ၏အမည်ကိုတော့ မည်သူမှမယူခဲ့ကြပါချေ။ အသက်ဝင်ပီပြင်သော ဇာတ်ပို့သရုပ်ဆောင်များ၏ စွမ်းဆောင်ချက်များကြောင့် ပြင်ပနယ်ပယ်ရောက်သည်အထိ အထင်လွဲခံရသည့် သာဓကများကို ကြားသိရပါ၏။ ဇာတ်လမ်းအရမဟုတ်ဘဲ အနုပညာအရေခြုံလျက် တိုင်းပြည်နှင့်လူမျိုးအပေါ် သစ္စာပျက်သူများကိုတော့ တိုင်းပြည်က အမှန်တကယ်ဒဏ်ခတ်လိမ့်မည်ဖြစ်သည်။

### တက်ကုန်ရွက်စုံလွှင့်လျက် ကြိုးပမ်းလျက်ရှိ

ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် အမျိုးဘာသာ၊ သာသနာအရေးနှင့်ပတ်သက်၍လည်းကောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်ပတ်သက်၍လည်းကောင်း၊ စားရေရိက္ခာပေါများစေရေးအတွက်လည်းကောင်း တက်ကုန်ရွက်စုံလွှင့်လျက် ကြိုးပမ်းလျက်ရှိနေသည်ကို မြင်တွေ့ရမည်ဖြစ်ပေသည်။ မမြင်နိုင်သူများနှင့် မြင်အောင်မကြည့်သူများမှာ မြန်မာနိုင်ငံ၏ ကောင်းရာကောင်းကျိုးမလိုလားသည့် ပြည်ပနိုင်ငံများကပေးထားသော အဆိပ်သင့်မျက်မှန်များ တပ်ထားသောကြောင့်သာဖြစ်ပေမည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြည်သူတို့မွန်းကျပ်ခဲ့ရမှုများအတွက် ကပ်ရောဂါအား အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်လာနိုင်သည့်နောက် ရောဂါကာကွယ်ရေးစည်းကမ်းများနှင့်အညီ ပုံမှန်ကျင်းပမြဲဖြစ်သည့် ပွဲလမ်းသဘင်များကို ပြန်လည်ကျင်းပပေးနိုင်ခဲ့ပြီး ပြည်သူတို့ စိတ်နှလုံးကိုရွှင်ပြုံးခွင့်ရစေခဲ့သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အမျိုးသားရေးပြယုဂ်ဖြစ်သည့် စိန်ရတုပြည်ထောင်စုနေ့နှင့် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားများကိုလည်း ကြီးကျယ်ခမ်းနားစွာကျင်းပပေးနိုင်ခဲ့သည်။ ပူပူနွေးနွေးပြီးစီးခဲ့သည့် နှစ်သစ်ကူးအတာသင်္ကြန်ကာလသည်လည်း နိုင်ငံတစ်ဝန်းအနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့သည်ကို အားလုံးမြင်တွေ့ခဲ့ရပြီးဖြစ်သည်။

မကြာမီ ပြည်သူများရော အနုပညာရှင်များပါ ပျော်ကြရဦးမည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ) ပေးပွဲကြီး ရောက်ရှိလာပြီး သုံးနှစ်စာ ဝေဝေဆာဆာကျင်းပပေဦးမည်။ စာရေးသူအနေဖြင့် အကယ်ဒမီပေးပွဲကြီးအား မြင်ယောင်စိတ်ကူးပုံဖော်ရင်း နားရည်ဝနေပြီဖြစ်သည့် **"မြန်မာ့ မြန်မာ့ရုပ်ရှင် xxx နိုင်ငံ့ဂုဏ်အင် xxx သုခုမအသွင် xxx ပေါ်လွင်ခဲ့အစဉ်xxx"** တေးသီချင်းကို ကြိုတင်ကြားယောင်လျက် လက်ခုပ်တီးအားပေးဖို့ပြင်ဆင်မိသည်။ ထိုသို့ပြင်ဆင်ရင်း တွေးလိုက်မိသည်ကား အနုပညာရှင် မင်းသား၊ မင်းသမီးတို့၏ ဝတ်ပုံစားပုံနေထိုင်ပုံများကို ခေတ်အဆက်ဆက်အားကျအတုယူခဲ့သည့် ပြည်သူများအတွက် မြန်မာ့ယဉ်ကျေးမှုနှင့်သွေဖည်ခြင်းမရှိသည့် လုပ်ဆောင်ချက်များကို လမ်းပြစေလိုပါကြောင်းနှင့် အနုပညာသည် မိမိတိုင်းပြည်နှင့် လူမျိုးအတွက်သာ ဦးစားပေးဖြစ်သင့်ပါကြောင်းဟူ၍။ ။

■

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုအခြေအနေများနှင့် နမ့်ဝုတ်(၁) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ဓာတ်အားထုတ်လုပ်နေမှုအခြေအနေ သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၀

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ယနေ့မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှု အခြေအနေများကို ဆွေးနွေးပြီး နမ့်ဝုတ်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဓာတ်အားထုတ်လုပ်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ ပြည်နယ်/ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ ဓာတ်အားခွဲရုံမှူးများ၊ မြို့နယ်လျှပ်စစ်မှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှု၊ ဓာတ်အားပျောက်ဆုံးမှုနှင့် ဓာတ်အားပြတ်တောက်မှု လျှော့နည်းကျဆင်းစေရေး ဆောင်ရွက်ထားရှိမှု၊ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ယခုအချိန်သည် ပူပြင်းသောကာလဖြစ်သည့်အတွက် လျှပ်စစ်ဓာတ်အားများ ယခင်ကထက် ပိုမိုလိုအပ်လျက်ရှိကြောင်း၊ မြို့နယ်အသီးသီးတွင်လည်း ဓာတ်အားလိုအပ်ချက်များရှိနေသဖြင့် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများတည်ဆောက်၍ တစ်ပိုင်တစ်နိုင် ဓာတ်အားထုတ်လုပ်သွားနိုင်ရေး ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

ကျိုင်းတုံမှ မိုင်းခတ်သို့ ၆၆ ကေဗွီဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းသည် ၇၀ ရာခိုင်နှုန်းခန့်နှင့် ကျိုင်းတုံမှ မိုင်းခုတ်၊ မိုင်းဆတ် ၆၆ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းသည် ၆၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်၍ ဓာတ်အားလိုင်းများ ရာနှုန်းပြည့်ပြီးစီးနိုင်ရေး တွန်းအားပေးကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ မဟာဓာတ်အားလိုင်းမှ ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရေးနှင့် ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ သို့ပါ၍ ဓာတ်အားပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် အားသွန်ခွန်စိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားပြီး ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကျိုင်းတုံမြို့၏ တောင်ဘက် ၁၀ မိုင်ခန့်အကွာ နမ့်ဝုတ်ချောင်းပေါ်တွင် စက်တပ်ဆင်အင်အား ၃ မဂ္ဂါဝပ်ရှိ နမ့်ဝုတ်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပေးနေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဓာတ်အားပေးစက်များ မောင်းနှင်ဓာတ်အားထုတ်လုပ်ပေးနေမှု၊ ဓာတ်အားပေးစက်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ဓာတ်အားထိန်းချုပ်ခန်းအတွင်း နိုင်ငံတော်ဓာတ်အားစနစ်သို့ ဓာတ်အားချိတ်ဆက်ပို့လွှတ် ဖြန့်ဖြူးပေးနေမှုနှင့် ရေလွှဲဆည်အတွင်း ရေဝင်ရောက်စီးဆင်းနေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန်အတွင်း ရေဝင်ရောက်မှုနည်းပါးသည့် အခြေအနေများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၀

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်၊ ဦးဇေယျာလင်းနှင့် ဦးမြင့်စိုး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန်အတွင်း ရေဝင်ရောက်မှုနည်းပါးသည့် အခြေအနေကို ယနေ့မွန်းလွဲပိုင်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာတွင် ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် တာဝန်ရှိသူများက ကန်တော်မင်္ဂလာ ရှမ်းကန်အတွင်း ရေဝင်ရောက်မှုနည်းပါးသည့် အခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် စီမံဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်က ရေပြန်လည်ရရှိရေး၊ ကန်တော်မင်္ဂလာရှမ်းကန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ ကန်ပတ်ဝန်းကျင် သာယာလှပရေးများကို အလေးထားဆောင်ရွက်စေလိုကြောင်းနှင့် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနား လှိုင်ကော်မြို့၌ ကျင်းပ

လှိုင်ကော် မေ ၂၀

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် လှိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေပါ ရည်မှန်းချက်များနှင့် လုပ်ငန်းစီမံကိန်းများသည် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်ကြောင်း၊ ပြည်နယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းအားပြည့်လည်ပတ်နိုင်ရေးသည် အရေးကြီးကြောင်း၊ ပြည်နယ်၏လူမှု၊ စီးပွားဖွံ့ဖြိုးတိုးတက်မှု အရှိန်မြှင့်တင်နိုင်ရန်အတွက် ဒေသန္တရစီမံကိန်း ဥပဒေပါ ရည်မှန်းချက်များကို သတ်မှတ်ချက်များနှင့် အညီ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းများ ရေးဆွဲထားခြင်းအပေါ် ပြည်နယ်စီမံကိန်း ဦးစီးမှူးက ရှင်းလင်းတင်ပြခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များအား လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးနှင့် ခရိုင်များအလိုက် တာဝန်များပေးအပ်ခဲ့ရာ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လှိုင်ကော်ခရိုင် အုပ်ချုပ်ရေးမှူးတို့က လက်ခံရယူခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)






## ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

ရန်ကုန် မေ ၂၀

အများပြည်သူ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး၊ သစ်ပင်သစ်ကိုင်းများကြောင့် ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေး၊ ဗို့အားပြည့်ဝစွာရရှိရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အနော်ရထာလမ်းမကြီး (သိမ်ဖြူလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းကြား)၊ 6.6KVလိပ်ကန်- အနော်ရထာဖီဒါ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းတစ်လျှောက်ရှိ ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို ယနေ့နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သစ်ပင်သစ်ကိုင်းခုတ်ထွင်ရှင်းလင်းခြင်းကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၊ အရှေ့ပိုင်းခရိုင် မြို့နယ်လျှပ်စစ်မန်နေဂျာနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့က အနီးကပ်ကြီးကြပ်၍ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနမှ ဝန်ထမ်းများဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကြေးမုံ

# စစ်ကိုင်းတိုင်းဒေသကြီး၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**မုံရွာ မေ ၂၀**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးစည်းမျဉ်း၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို မေ ၂၀ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ရည်ရွယ်ဆောင်ရွက်**

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက်မတည်ထောက်ပံ့ငွေများကို ဒေသအလိုက် စိုက်ပျိုးမွေးမြူရေး၊ ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးနှင့် ကိုဗစ်ရောဂါကြောင့် ထိခိုက်ကျဆင်းခဲ့သည့် ပြည်သူလူထု၏လူမှုစီးပွားဘဝနှင့် နိုင်ငံတော်နှင့် တိုင်းဒေသကြီး၏ စီးပွားရေးအခြေအနေကို ပြန်လည်မြှင့်တင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ တာဝန်ရှိသူများအနေဖြင့် စီမံကိန်းကြီးကြပ်မှုကော်မတီများဖွဲ့စည်းပြီး သက်ဆိုင်ရာဌာနများအနေဖြင့် ဘဏ္ဍာရေးစည်းမျဉ်း၊ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်စေရန် အထူးအလေးထား ဂရုပြုဆောင်ရွက်ရန်လိုအပ်ပါကြောင်းနှင့် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေများကို ထုတ်ယူသုံးစွဲရာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းဖြေကြား**

ဆက်လက်ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက တိုင်းဒေသကြီအတွင်း ဆောင်ရွက်သွားမည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးစည်းမျဉ်း၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ သိရှိလိုသည်များမေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လွင်က မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# SME နှစ်ဆင့်ချေးငွေစီမံကိန်းတွင် ပါဝင်ဆောင်ရွက်သည့် ဘဏ်များနှင့်တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၂၀**

မြန်မာနိုင်ငံရှိ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အနေဖြင့် လိုအပ်သောငွေကြေးထောက်ပံ့မှုများကိုစီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်နှင့် ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်တို့တွင် ဂျပန်နိုင်ငံမှ ရရှိခဲ့သော SME Two Step Loan များကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။



**ဆွေးနွေးမှာကြား**

အဆိုပါစီမံကိန်းတွင် ပါဝင်သော ဘဏ်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း တက်ရောက်ဆွေးနွေးမှာကြားသည်။

ဦးစွာ ဒုတိယဝန်ကြီးက စီမံကိန်းအဆင့် - ၁ တွင် ဘဏ်ခြောက်ဘဏ်မှတစ်ဆင့် ၂၀၂၃ ခုနှစ် မတ်လကုန်အထိ SME လုပ်ငန်း ရှင် ၅၅၃ ဦးသို့ ချေးငွေကျပ် ၁၂၄ ဒသမ ၇၇၈ ဘီလီယံ ထုတ်ချေးခဲ့ ပြီးဖြစ်ပါကြောင်း၊ စီမံကိန်းအဆင့် - ၂ တွင် ဘဏ် ၁၁ ဘဏ်မှတစ်ဆင့် ၂၀၂၃ ခုနှစ် မတ်လကုန်အထိ SME လုပ်ငန်းရှင် ၁၅၉၅ ဦးသို့ ချေးငွေကျပ် ၂၇၅ ဒသမ ၀၁၁ ဘီလီယံ ထုတ်ချေးခဲ့ပြီးဖြစ်ကြောင်း။

**ဦးတည်ချက်နှင့်အညီ**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက် (၄) ရပ်အနက် သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက် ဖော်ဆောင်ရေးဟူသော ဦးတည်ချက်နှင့်အညီ ဆောင်ရွက် ဖော်ဆောင်ပေးနေခြင်းဖြစ်ကြောင်း။

၎င်းစီမံကိန်းသည် နိုင်ငံတော်အတွက် SME လုပ်ငန်းများအတွက်သာမက ပါဝင်ဆောင်ရွက်ပေးသည့် ဘဏ်များအတွက်လည်း အကျိုးကျေးဇူးရရှိစေသည့် စီမံကိန်းဖြစ်ကြောင်း၊ ချေးငွေများကို နေရာဒေသနှင့် လုပ်ငန်းအမျိုးအစား စုံလင်အောင် ထုတ်ချေးရန်နှင့် ချေးငွေဆုံးရှုံးမှုမရှိစေရေး ဂရုပြု ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

အစည်းအဝေးသို့ တက်ရောက်လာကြသော ဘဏ်များမှ တာဝန်ရှိသူများအနေဖြင့် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနိုင်ရန်နှင့် လတ်တလော ကြုံတွေ့နေရသည့် အခက်အခဲများရှိပါက ဆွေးနွေး ပေးစေလိုကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

အစည်းအဝေးတွင် စီမံကိန်းဒါရိုက်တာနှင့် တက်ရောက်လာကြသည့် ဘဏ်များမှ တာဝန်ရှိသူများက စီမံကိန်းအဆင့်-၁ နှင့် အဆင့်-၂ တို့၏ Revolving Fund A/C များရှိ လက်ကျန် ငွေရပ်များကို ဆက်လက်ထုတ်ချေးမည့် အခြေအနေနှင့် လတ်တလော ကြုံတွေ့နေရသည့် အခက်အခဲများအပေါ် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနနှင့် ပုဂ္ဂလိကများအကြား ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်



**နေပြည်တော် မေ ၂၀**

ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကုန်ထုတ်လုပ်ငန်းများ အားလုံးကို ပုဂ္ဂလိကပိုင်းက ဆောင်ရွက်နေခြင်းဖြစ်၍ အသားကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုး တိုးတက်ရေးသည် ပုဂ္ဂလိကများ၏ ကြိုးပမ်းအားထုတ်မှုအပေါ် များစွာတည်မှီနေသဖြင့် ဌာနနှင့် ပုဂ္ဂလိကများအကြား ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ရေပြည့်ကျေးရွာရှိ Good Brothers' Co.,Ltd. မျိုးကောင်းမျိုးသန့် ပြန့်ပွားရေး နွားမွေးမြူရေးခြံ၌ မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် Good Brothers' Co.,Ltd. မျိုးကောင်းမျိုးသန့် ပြန့်ပွားရေး နွားမွေးမြူရေးခြံ၏ နွားစာမြက်(နေဗီယာ) စိုက်ပျိုးရိတ်သိမ်းထုတ်လုပ်မှု အခြေအနေများ၊ အကျိုးတူ နွားမွေးဖက်နှင့် ခိုင်းနွား(အငှားချ)ပေးထားမှုများ ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ကျေးရွာများသို့ ပညာပေးခြင်းနှင့် တိရစ္ဆာန် ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ ၊ နို့စားနွား၊ နွားနောက်နှင့် ဒေသနွားများ မွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မကွေးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဧည့်ခန်းမ၌ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများအားတွေ့ဆုံ၍ နိုင်ငံတော်၏ အဓိကရိက္ခာသီးနှံဖြစ်သော ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရန်၊ သီးနှံများ၏ အထွက်နှုန်း တိုးတက်ရန်၊ ဈေးနှုန်းနှင့် ဈေးကွက်သေချာစေရန် စနစ်တကျ ဆောင်ရွက်ပေးခြင်းဖြင့် တောင်သူများဝင်ငွေ ပိုမိုရရှိစေရေးနှင့် နိုင်ငံ့စီးပွား တိုးတက်မြင့်မားလာရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ ကုန်ကြမ်းသီးနှံထုတ်လုပ်ခြင်းနှင့်အတူ တန်ဖိုးမြင့်စားသောက်ကုန်ချောများ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော အသိပညာနှင့် နည်းပညာများ ပံ့ပိုးဆောင်ရွက်ပေးကြရန် လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# မွန်ပြည်နယ်ဝန်ကြီးချုပ် ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာ ဘုရားပွဲတော်စည်ကားနေမှု ကြည့်ရှုအားပေး



ချောင်းဆုံ ဧပြီ ၂၀

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် နှစ်ပေါင်း ၁၀၀ ကျော် ကျင်းပခဲ့သည့် ဒေသ့သည်ခေါ် ဘုရားပွဲတော်များကို ရိုးရာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဧပြီ ၁၉ ရက်တွင် ကွမ်ရိုက်ကျေးရွာ ဘုရားပွဲတော်သို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ကြည့်ရှုအားပေးကြသည်။

မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ဘုရားပွဲတော်သို့ အေးချမ်းပျော်ရွှင်စွာ လာရောက်လည်ပတ်ကြသူများနှင့် ကျေးရွာရှိ နေအိမ်များမှ ဒေသ့ခံကျွေးမွေးနေမှုများကို ကြည့်ရှုကြပြီး ကွမ်ရိုက်ကျေးရွာရှိ ဆံတော်ရှင်ကျိုက်တမော့လဲ့ စေတီတော်ကို ဖူးမြော်ကြည်ညိုကာ စေတီတော်အတွင်း လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရန်အတွက် အလှူငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

ချောင်းဆုံမြို့နယ်တွင် ရွာစဉ်ဆက် ဘုရားပွဲတော်များကို သင်္ကြန်အကြိုရက်မတိုင်မီ သုံးရက်မှစပြီး ဧပြီလကုန်အထိ နေ့စဉ် တစ်ရွာတစ်ရက် ဘုရားပွဲတော်များကို စည်ကားသိုက်မြိုက်စွာ နှစ်စဉ် ကျင်းပလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန် /ဆက်)

# ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးမှုသင်တန်းများ လျှောက်ထားနိုင်

ရန်ကုန် ဧပြီ ၂၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်)တွင် အသက်(၁၈)နှစ်မှ (၄၅)နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် (၁)နှစ်သင်တန်းဖြစ်သော အီလက်ထရွန်နစ်သင်တန်းနှင့် (၃)လသင်တန်းများဖြစ်သော စက်ချုပ်သင်တန်း၊ တံဆိပ်ရိုက်သင်တန်း၊ ခတ်ပုံသင်တန်း၊ ဆံသသင်တန်း၊ ကွန်ပျူတာသင်တန်းများကို မေ ၁၅ ရက်မှစ၍ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းများကို တက်ရောက်လိုသူများသည် အမှတ် (၆၅) ကျိုက်ဝိုင်းဘုရားလမ်း လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းဝင်းအတွင်း မသန်စွမ်းသက်ကြီးသင်တန်းကျောင်း မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း- ၀၁-၉၆၆၁၇၁၂၊ ၀၉-၂၅၀၄၀၂၃၉၂ နှင့် ၀၉-၄၂၁၁၁၀၈၆၇ သို့ (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် သင်တန်းတက်ရောက်ခွင့်ရသူများအတွက် သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း နေထိုင်ရေး၊ စားသောက်ရေးများ စီစဉ်ပေးပြီး သင်ထောက်ကူပစ္စည်းများနှင့် နယ်မှလာရောက်သော သင်တန်းသား သင်တန်းသူများအတွက် ရန်ကုန်မြို့သို့လာသော ခရီးစရိတ်နှင့် အိမ်ပြန်ခရီးစရိတ်တို့ကို ပံ့ပိုးပေးမည်ဖြစ်သည်။

သတင်းစဉ်

# ကုန်သည်စက်မှုအသင်းချုပ်မှ အနုညာတခုံသမာဓိသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ရင်ဆိုင်ကြုံတွေ့ရသော အငြင်းပွားမှုပြဿနာများကို နိုင်ငံတကာရှိ အနုညာတ စီရင်ဆုံးဖြတ်ခြင်းနေရာများ၌ သွားရောက်ဖြေရှင်းလေ့ရှိကြရာ အချိန်ကုန်၊ ငွေကြေးသက်သာစွာ ပြည်တွင်း၌ ဖြေရှင်းနိုင်စေရန်အတွက် အကျိုးပြုစေသော အနုညာတခုံသမာဓိပုဂ္ဂိုလ်များကို ပြည်တွင်းအနုညာတစီရင်ဆုံးဖြတ်ခြင်းများ၊ အပြည်ပြည်ဆိုင်ရာ ကျင့်သုံးနေသည့်နည်းလမ်းများ၊ နိုင်ငံခြားအနုညာတ စီရင်ဆုံးဖြတ်ခြင်း ဥပဒေဆိုင်ရာ ဗဟုသုတများ၊ လုပ်ထုံးလုပ်နည်းများ သိရှိနားလည်စေရန် အနုညာတ ခုံသမာဓိသင်တန်းအမှတ်စဉ် (၃/၂၀၂၃) ကို ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို မေ ၆ ရက်မှ ၂၈ ရက်ထိ စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ ကုန်သည်စက်မှုအသင်းချုပ်တွင် သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းသို့တက်ရောက်လိုသူများသည် အသိအမှတ်ပြုဘွဲ့တစ်ခုခုရရှိထားပြီး သတ်မှတ်ထားသည့် သင်တန်းကြေးပေးသွင်းရမည်။ သင်တန်းပြီးဆုံးပါက Arbitrators စာမေးပွဲဖြေဆိုရမည်ဖြစ်သည်။ သင်တန်းသားဦးရေ ၄၀ သာ တက်ရောက်ခွင့်ပြုပြီး တက်ရောက်လိုသူများသည် Google Form link https://forms.gle/d6yr3PD4sXDaxv9v5 တွင် ဧပြီ ၂၆ ရက် နောက်ဆုံးထား လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။ အသေးစိတ် အချက်အလက်များသိရှိလိုပါက ဖုန်း –၀၉-၄၅၀၂၀၀၆၇၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

မျိုးမင်းသူရ

# ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ရှွာင် ဧပြီ ၂၀

ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှွာင်မြို့နယ် ကျောက်ပုံကျေးရွာ ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဧပြီ ၂၀ ရက် နံနက် ၁၀ နာရီက အလက(ခွဲ)ကျောက်ပုံ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်အား ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင်(၂) ဦးရာဇာငြိမ်းချမ်း၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ ဒေသပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး၊ နိပ္ပန်ဖောင်ဒေးရှင်း (စေတနာအဖွဲ့) အမှုဆောင်ဒါရိုက်တာနှင့် ရှွာင်မြို့နယ်ပညာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။



ထို့နောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင်(၂) ဦးရာဇာငြိမ်းချမ်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဓနုဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သက်၊ ဒေသပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဇော်ထွန်းနှင့် နိပ္ပန်ဖောင်ဒေးရှင်း (စေတနာအဖွဲ့)မှ အမှုဆောင်ဒါရိုက်တာ ဦးတင်လေးတို့က အမှာစကား ပြောကြားသည်။

ယင်းနောက် ကျောင်းဆောင်သစ်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို စေတနာအဖွဲ့နှင့် ကျောင်းဆောင်ဆောက်လုပ်ရေးကော်မတီက မြို့နယ်ပညာရေးဌာနသို့ ပေးအပ်ပြီး နိပ္ပန်ဖောင်ဒေးရှင်း စေတနာအဖွဲ့က လူထုဖွံ့ဖြိုးရေးကော်မတီသို့ လူထုဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၇၀ ပေးအပ်ရာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ရှွာင်(ပြန်/ဆက်)

■

# ဓနုဖြူမြို့နယ်တွင် မြစိမ်းရောင်စီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းလုပ်ငန်းစဉ်များ သုံးသပ်ဆွေးနွေးပွဲကျင်းပ

ဓနုဖြူ ဧပြီ ၂၀

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မြစိမ်းရောင်စီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း



စီမံကိန်း မြို့နယ်အဆင့် စီမံကိန်းလုပ်ငန်းစဉ်များဆိုင်ရာ သုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အမှတ်(၂)ရပ်ကွက် အစိုးရပါဠိတက္ကသိုလ် တောင်ပေါ်ကျောင်းတိုက်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုတင့်က အဖွင့်အမှာစကားပြောကြားပြီး ဓနုဖြူမြို့နယ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ချိုလွင်က စီမံကိန်းဆောင်ရွက်မှုလုပ်ငန်းစဉ် အခြေအနေနှင့် စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်စီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များက စီမံကိန်း၌ တွေ့ကြုံရသော အခက်အခဲများ၊ စိန်ခေါ်မှုများ၊ အားနည်းချက်များနှင့် အားသာချက်များကို အကြံပြုချက် ဖော်ထုတ်သိရှိနိုင်စေရေး အဖွဲ့လိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဝါးခယ်မမြို့နယ်ရှိ အခြေခံသမဝါယမအသင်းများကစိုက်ပျိုးသည့် ဆီထွက်သီးနှံများထွက်ရှိ

ဝါးခယ်မ ဧပြီ ၂၀

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ဆီထွက်သီးနှံများ ရိတ်သိမ်းပြီး ဆီကြိတ်ခွဲခြင်းလုပ်ငန်းကို အူကျွန်းကျေးရွာနှင့် ကြခတ်ကုန်းကျေးရွာများရှိ အခြေခံသမဝါယမအသင်းများ၏ တစ်ပိုင်တစ်နိုင် ဆီစက်များတွင် စတင်ကြိတ်ခွဲနေပြီဖြစ်သည်။ ကုန်ကြမ်းဝယ်ယူရန် လိုအပ်ပါက မြို့နယ်သမဝါယမအသင်းစုက ပံ့ပိုးပေးလျက်ရှိပြီး ဆီကြိတ်ခွဲရာတွင် အသင်းသားတောင်သူများက စိုက်ပျိုးထားသည့် သီးနှံများအပြင် ဆီထွက်သီးနှံအများအပြား ထွက်ရှိရာဒေသများမှပါ ဝယ်ယူကြိတ်ခွဲလျက်ရှိသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးဆောင်ရွက်ခဲ့သည့် နေကြာသီးနှံ တစ်ဧကလျှင် ၂၅ တင်းခန့်နှင့် မြေပဲတစ်ဧကလျှင် တင်း ၄၀ ကျော်ထိ ထွက်ရှိပြီး နေကြာသီးနှံ တစ်တင်းကြိတ်ခွဲလျှင် ဆီ ၃ ဒသမ ၅ ပိဿာခန့်နှင့် မြေပဲတစ်တင်းကြိတ်ခွဲလျှင် ဆီ နှစ်ပိဿာကျော် ထွက်ရှိသည်။ နေကြာဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ နှုန်းနှင့်



မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀ နှုန်းဖြင့် အသင်းသားပြည်သူများသို့ လက်လီလက်ကား ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အပူလျှပ်ခြင်းအကြောင်း သိကောင်းစရာအဖြာဖြာ

ပေါက်ပေါက်





မြန်မာနိုင်ငံအတွင်း ၂၀၁၄ ခုနှစ်မှစ၍ အပူဆုံးစံချိန်တင်ခဲ့ပြီး တစ်နှစ်ပြီးတစ်နှစ် ထိုစံချိန်ကို ကျော်လွန်ကာ ပိုမိုပူပြင်းလာခဲ့သည်။ ပြင်းထန်လာသောရာသီဥတုကြောင့် အောက်ဖော်ပြပါ အပူဒဏ်လေးမျိုးကို မြန်မာပြည်သူပြည်သားများ ခံစားကြရသည်။

❖ နေ့အပူချိန်များ စံချိန်တင်မြင့်တက်ခြင်း၊
❖ အပူချိန် စံချိန်တင်မမြင့်တက်သော်လည်း အမြင့်ပိုင်းအပူချိန်များ နေ့စဉ်ရက်ဆက် အချိန်ကြာမြင့်စွာကျရောက်နေသဖြင့် အပူဒဏ်ပြဿနာ (Heat Stroke) ခံစားရခြင်း၊
❖ လေထုအတွင်း ရေငွေ့များ ရောနှောပါဝင်လာမှုကြောင့် ခန္ဓာကိုယ်ခံစားရသောအပူချိန် (Feel Temperature) တွင် လေအပူချိန်သာမက ရေငွေ့အပူချိန်ပါ ပေါင်းစပ်လာသဖြင့် လူ၏ခံနိုင်သောအပူချိန်ကို ကျော်လွန်သည့်အပူဒဏ်ကို ခံစားရခြင်း (High Heat Index)၊
❖ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း (Ultra-Voilet Index) မြင့်မားခြင်း။

ထို့ပြင် အပူချိန်မြင့်တက်လာသည့်အခါ မလွဲမသွေ ကြုံတွေ့ရလေ့ရှိသော ဆိုးကျိုးငါးခုဖြစ်သည့် (က) နွေရာသီကာလ အပူရှိန်မြင့်မားမှုဒဏ်၊ (ခ) ရေရှားပါးမှုဘေးဒဏ်၊ (ဂ) မီးလောင်ကျွမ်းမှုဘေးဒဏ်၊ (ဃ) စိုက်ပျိုးသီးနှံများ ထိခိုက်ပျက်စီးမှုဘေးများနှင့် (င) ကျန်းမာရေးထိခိုက်မှုဘေးအန္တရာယ်များကိုလည်း ရင်ဆိုင်ကြရသည်။

**❛ နေပူထဲမှ အအေးထဲသို့ ရုတ်ခြည်းဝင်ရောက်ခြင်း၊ ရေခဲရေသောက်ခြင်း၊ ရေချိုးခြင်း၊ အအေးခန်းအတွင်းမှ ရုတ်တရက် ပူပြင်းသောနေရောင်ထဲသို့ ထွက်ခြင်းများကြောင့် လူ့ခန္ဓာကိုယ်တွင် အပူအအေး ရုတ်တရက် ပြင်းထန်စွာ ပြောင်းလဲမှုဖြစ်စဉ် ဖြစ်ပေါ်ခံစားရတတ်သည်။ ၎င်းကို ဆေးသိပ္ပံနည်းအရ Heat Stroke (အပူဒဏ်ကြောင့်သတိလစ်ခြင်း) ဟုခေါ်၍ ဒေသအခေါ်အရ "အပူလျှပ်ခြင်း"ဟု ဆိုကြသည်။ Heat Stroke ဖြစ်ပါက အပူအအေး ရုတ်ခြည်းပြောင်းလဲသွားသည့်အတွက် အပူဒဏ်ကြောင့် ခန္ဓာကိုယ်ထဲရှိ သွေးကြောများကျယ်သွားခြင်း၊ အအေးဒဏ်ကြောင့် ခန္ဓာကိုယ်ထဲရှိ သွေးကြောများကျုံ့သွားခြင်း စသည့် သွေးစီးကြောင်းအကျဉ်းအကျယ်ဒဏ်ကို ခံစားရကာ သတိလစ်ခြင်းဖြစ် ❜**

## အပူဒဏ်ကြောင့် သတိလစ်ခြင်း

နေပူထဲမှ အအေးထဲသို့ ရုတ်ခြည်းဝင်ရောက်ခြင်း၊ ရေခဲရေသောက်ခြင်း၊ ရေချိုးခြင်း၊ အအေးခန်းအတွင်းမှ ရုတ်တရက်ပူပြင်းသောနေရောင်ထဲသို့ ထွက်ခြင်းများကြောင့် လူ့ခန္ဓာကိုယ်တွင် အပူအအေး ရုတ်တရက်ပြင်းထန်စွာ ပြောင်းလဲမှုဖြစ်စဉ် ဖြစ်ပေါ်ခံစားရတတ်သည်။ ၎င်းကို ဆေးသိပ္ပံနည်းအရ Heat Stroke (အပူဒဏ်ကြောင့်သတိလစ်ခြင်း) ဟုခေါ်၍ ဒေသအခေါ်အရ "အပူလျှပ်ခြင်း"ဟု ဆိုကြသည်။ Heat Stroke ဖြစ်ပါက အပူအအေးရုတ်ခြည်းပြောင်းလဲသွားသည့်အတွက် အပူဒဏ်ကြောင့် ခန္ဓာကိုယ်ထဲရှိ သွေးကြောများကျယ်သွားခြင်း၊ အအေးဒဏ်ကြောင့် ခန္ဓာကိုယ်ထဲရှိသွေးကြောများကျုံ့သွားခြင်း စသည့်သွေးစီးကြောင်းအကျဉ်းအကျယ်ဒဏ်ကို ခံစားရကာ သတိလစ်ခြင်းကိုဖြစ်စေသည်။ ပြင်းထန်သောအခြေအနေတွင် သွေးကြောအကျဉ်းအကျယ်ဒဏ်ကို မခံစားနိုင်တော့ဘဲ သွေးကြောကြီးများ အက်ကွဲလာပြီး သွေးကြောငယ်လေးများ ပြတ်ထွက်သွားသည်အထိ ဖြစ်စေနိုင်သည်။

## Heat Stroke လက္ခဏာများ

ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်လာခြင်း (၁၀၄ ဒီဂရီဖာရင်ဟိုက် သို့မဟုတ် ၄၀ ဒီဂရီစင်တီဂရိတ်)၊ အရေပြားခြောက်သွေ့ခြင်း၊ ချွေးခန်းခြောက်ခြင်း၊ မူးဝေခြင်း၊ ပျို့အန်ခြင်း၊ သတိလစ်ခြင်း၊ အသက်ရှူမြန်လာခြင်း၊ နှလုံးခုန်မြန်လာခြင်းတို့သည် Heat Stroke လက္ခဏာများဖြစ်ကာ ထိုအခြေအနေမှတစ်ဆင့် အသက်အန္တရာယ်ဆုံးရှုံးသည်အထိဖြစ်နိုင်သည်။

## Heat Stroke ဖြစ်နိုင်ခြေများသူများ

ရေသောက်နည်းသူများ၊ ကလေးနှင့် သက်ကြီးရွယ်အိုများ၊ ပူပြင်းသောနေရာတွင် ကြာရှည်စွာ အလုပ်လုပ်ရသောသူများ၊ အားကစား ပြင်းပြင်းထန်ထန်လုပ်သောသူများ၊ ချွေးထွက်များသူများ၊ ရောဂါအခံရှိသူများ (နှလုံး၊ သွေးတိုး၊ အဆုတ်ရောဂါ)၊ အရက်အလွန်အကျွံသောက်သုံးသူများ၊ ပူပြင်းသောရာသီဥတုကို ကြာရှည်ထိတွေ့နေရသူများ၊ အပူချိန်လွန်ကဲနေချိန်တွင် အအေးခံတ်နည်းပါးသူများ၊ ရေဓာတ်ခန်းခြောက်သော ဆေးဝါးများကို သောက်သုံးနေရသူများ စသူတို့တွင် Heat Stroke ဖြစ်နိုင်ခြေများသည်။

## အပူအန္တရာယ် အထူးသတိပြုရမည့်သူများ

သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)၊ ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ၊ အရက်စွဲသောသူများနှင့် မူးယစ်ဆေးသုံးစွဲသူများက Heat Stroke (အပူဒဏ်ကြောင့်သတိလစ်ခြင်း) ဖြစ်ပါက အဆိုးရွားဆုံးအခြေအနေကို ရင်ဆိုင်ရတတ်သည်။

## အပူဒဏ်ကာကွယ်ခြင်း

အပူဒဏ်ကြောင့် လေဖြတ်ခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း၊ ဦးနှောက်သွေးကြောပြတ်ခြင်းနှင့် အမြင်အာရုံပျက်စီးခြင်း စသည်တို့လည်း ဖြစ်ပေါ်စေနိုင်သည်။ Heat Stroke မဖြစ်စေရန်အတွက် နေပြင်းချိန် အပြင်မထွက်ပါနှင့်။ မလွဲသာ၍ ထွက်ရမည်ဆိုပါက ထီး၊ ဦးထုပ်၊ အဆောင်း၊ အကာ၊ နေကာမျက်မှန်၊ သောက်ရေဘူးယူသွားရပါမည်။ ရိုးရိုးရေသောက်ပါ။ ရေခဲရေ မသောက်ပါနှင့်။ အဲကွန်းကားစီးပြီး နေပူချိန်ပြင်းသော နေရာတွင် ဆင်းရမည်ဆိုပါက မဆင်းမီက ကြိုတင်ရေသောက်ထားရပါမည်။

အပူဒဏ်ကိုရင်ဆိုင်ရာတွင် လူတို့၏ ဇီဝကမ္မပြောင်းလဲမှုဖြစ်စဉ်များကို ထိန်းချုပ်နိုင်ရန်အတွက် "ရေ"က အဓိကဖြစ်သည်။ အပူဒဏ်ကြောင့် တစ်နာရီကြာ ချွေးထွက်ခြင်းအတွက် သန့်ရှင်းသောသောက်ရေကို တစ်လီတာခန့် သောက်သုံးပေးသင့်သည်။ ချွေးထွက်လွန်နေသော အရွယ်ရောက်ပြီးသူလူတစ်ဦးအတွက် သန့်ရှင်းသောသောက်ရေကို ငါးလီတာမှ ရှစ်လီတာခန့်ထိ ဓာတ်ဆားရည်နှင့် ရော၍ သောက်သုံးပေးသင့်သည်။

လူတစ်ယောက်သည် အပူချိန် ၁၀၆ ဒီဂရီဖာရင်ဟိုက် (၄၁ ဒီဂရီစင်တီဂရိတ်) တွင် အပူဒဏ်ကို အချိန်ကြာကြာဆက်၍ခံနေရပါက ဦးနှောက်ကလာပ်စည်းများကို ထိခိုက်ပျက်စီးစေနိုင်သည်။ လူတစ်ယောက်သည် အပူချိန် ၁၀၈ ဒီဂရီဖာရင်ဟိုက် (၄၂ ဒီဂရီစင်တီဂရိတ်)တွင်အသက်သေဆုံးနိုင်သည်။

အပူဒဏ်ခံရမှုကြောင့် ကိုယ်အပူချိန်ကျစေရန်အတွက်ကိုလည်း ရေများများသောက်ခြင်း၊ ခန္ဓာကိုယ်တွင်းအပူငြိမ်း၍ အေးမြစေသောအစားအစာများဖြစ်သည့် နွားနို့၊ အုန်းစိမ်းရည်၊ ကြံရည်၊ ထန်းရည်ချို၊ ဖရဲသီး၊ သလဲသီး၊ သံပုရာသီး၊ သခွားသီး၊ သခွားမွှေးသီး၊ ဘူးသီး၊ ပူစီနံရွက်၊ မုန်လာဥအဖြူ စသည်တို့ စားပေးသင့်သည်။

## အပူဒဏ်ခံနိုင်အောင် ဆေးဖက်ဝင်ရေချိုးနည်း

အပူဒဏ်ကာကွယ်သည့်အနေဖြင့် အထက်ဖော်ပြပါအတိုင်း ကျန်းမာစွာနေထိုင်စားသောက်ရမည့်အပြင် ရေချိုးနည်းမှန်ကန်ရန်လည်း အထူးအရေးကြီးသည်။ ခန္ဓာကိုယ်ကြီးတစ်ခုလုံးကို တဖြည်းဖြည်းအေးစေခြင်းဖြင့် ရေချိုးပါ။ ရေချိုးနည်းမှန်ကန်မှသာလျှင် Heat Stroke ကို ကာကွယ်နိုင်မည်ဖြစ်ပေသည်။ အပူဒဏ်ခံနိုင်အောင် ဆေးဖက်ဝင်ရေချိုးနည်းအဆင့်ဆင့်ကို အောက်ပါအတိုင်း အကြံပြုလိုပါသည်။

❖ အရိပ်ထဲတွင် ရေချိုးပါ။
❖ ရေမချိုးခင် သောက်ရေတစ်ဖန်ခွက် အပြည့်သောက်ပါ။
❖ ဦးနှောက်ထဲရှိ အပူထိန်းအာရုံကြောနေရာများဖြစ်ကြသော ခြေထောက်အောက်ပိုင်း၊ လက်ဖျား၊ လက်မောင်း စသည့်နေရာများမှ အာရုံကြောများကို အသိပေးနှိုးဆော်သည့်အနေဖြင့် ရေဆွတ်ကာ ပက်ဖျန်းပေးပါ။
❖ ပြီးမှ မျက်နှာသစ်ပါ။
❖ တစ်ဆက်တည်းမှာပင် လည်ကုပ်နှင့် လည်ပင်းတို့ကို ရေနှင့်ပက်ပေးပါ။
❖ အထက်ပါနည်းအဆင့်ဆင့်အတိုင်း ရေဆက်ချိုးပါ။

## အရေးပေါ်ရှေးဦးပြုစုနည်း

အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ဖြစ်ပေါ်နေသောသူတွင် အောက်ဖော်ပြပါ ရောဂါလက္ခဏာများ ကြုံတွေ့ခံစားရနိုင်သည်။

အရေပြားပူ၍ ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးအလွန်အကျွံထွက်ခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ သတိလစ်ခြင်း၊ တက်ခြင်း၊ ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်း စသည်တို့ဖြစ်သည်။

အထက်ပါ အပူဒဏ်လက္ခဏာများ ခံစားနေရသော လူနာအားတွေ့ရှိပါက-

လူနာအား အရိပ်ရသောနေရာသို့ ပို့ဆောင်ပါ သို့မဟုတ် အရိပ်ရအောင် ဆောင်ရွက်ပေးပါ။ အေးမြသောနေရာ သို့မဟုတ် လေပန်ကာရှိသော နေရာ သို့မဟုတ် လေအေးပေးစက်ရှိသော အခန်းသို့ ရွှေ့ပြောင်းပါ။ လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ။ လူနာ၏ အဝတ်အစားများကို ချွတ်ပေးပါ။ လူနာကောင်းစွာသတိရနေပါက ရေအေးအေး သို့မဟုတ် ဓာတ်ဆားရည် တိုက်ပေးပါ။ လူနာ၏ကိုယ်ပေါ်သို့ ရေအေးအေးဖျန်းပေးပါ။ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့အား ရေအေးအေး သို့မဟုတ် ရေခဲစိမ်ထားသော အဝတ်များဖြင့် ရေပတ်အုပ်ပေးပါ။ လေပန်ကာရှိပါက လူနာအား ပန်ကာလေမှုတ်ပေးပါ သို့မဟုတ် ယပ်ခတ်ပေးပါ။ အရေးပေါ်ရှေးဦးပြုစုခြင်းများ ဆောင်ရွက်ပြီးလျှင် ဆေးရုံ၊ ဆေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပို့ဆောင်၍ ကုသမှုခံယူပါ။

အချုပ်အားဖြင့်ဆိုသော် အပူလျှပ်ခြင်းသည် မပေါ့ဆဘဲ အလေးပေးဂရုစိုက်သင့်သည့် ကျန်းမာရေးဆိုင်ရာပြဿနာတစ်ခုဖြစ်သည်။ အပူလျှပ်ခြင်းဖြစ်ပေါ်သည့်အခါ လူနာ၏အရေပြားသည် မီးကဲ့သို့ ပူခြစ်ပြီး ချွေးလုံးဝမထွက်တော့ပေ။ ထိုအခြေအနေသည် အရေးပေါ်ကုသမှုခံယူရမည့် အခြေအနေဖြစ်ပြီး ကုသမှုခံယူရန် နှောင့်နှေးပါက ဦးနှောက်၊ အဆုတ်၊ နှလုံး၊ အသည်း၊ ကျောက်ကပ်နှင့် ကြွက်သားများကို ထိခိုက်ပျက်စီးစေကာ အသက်ဆုံးရှုံးသည်အထိဖြစ်စေနိုင်သည်။ အထူးသတိပြုရမည့်အချက်မှာ Heat Stroke ခံစားနေရချိန်၌ ဂက်စ်ပါသည့် အချိုရည်များ၊ အားဖြည့်အချိုရည်များ၊ အရက်အဖျော်ယမကာများနှင့် ရေခဲရေ သောက်သုံးခြင်းကို အထူးရှောင်ကြဉ်ရမည်။ ထို့ပြင်စိတ်ရောဂါအတွက်သောက်သုံးသောဆေးဝါးများ၊ ဆီးဆေးများနှင့် သွေးကျဲဆေးများကိုလည်း အလွန်ပူပြင်းသောရာသီဥတုတွင် သတိထားသုံးစွဲသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

■

# နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲ ကျင်းပ

နေပြည်တော် မေ ၂၀

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ငြိမ်းအေး ခန်းမ၌ ပြုလုပ်ရာ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ပါဠိတက္ကသိုလ်ကျောင်းတိုက် စာချနာယက ဆရာတော် ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မ ဇောတိကဓဇ သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တကိတ္တိ သာရ အမှူးပြုသော သံဃာတော်များကြွရောက် တော်မူကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူ များက ပါဠိတက္ကသိုလ်ကျောင်းတိုက် စာချနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာ သုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူ များက သံဃာတော်များအား လှူဖွယ်ပစ္စည်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး ပါဠိတက္ကသိုလ်ကျောင်းတိုက် စာချနာယက ဆရာ တော်ထံမှ ပဋ္ဌာန်းအနုမောဒနာတရားနာယူကာ သံဃာ တော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ ကြောင်း သိရသည်။ သတင်းစဉ်



# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် မေ ၂၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော် များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က ယနေ့တွင် ဇေယျမင်္ဂလာဘုန်းတော် ကြီး ကျောင်းဝင်းအတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော် ၇၃ ပါးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နွေရာသီကျောင်းပိတ်ရက် ယဉ်ကျေးလိမ္မာသင်တန်းများဖွင့်လှစ်

တပ်ကုန်း မေ ၂၀

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် နွေရာသီ ကျောင်းပိတ်ရက် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျောင်းဓမ္မာရုံတို့တွင် ကျင်းပ သည်။

သင်တန်းကို အမှတ်(၁) အခြေခံပညာအထက် တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ ၁၀၀၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ ၁၅၀၊ ဗိုလ်မင်းရောင် အခြေခံပညာအထက်တန်းကျောင်း (ခွဲ) တွင် ကျောင်းသား ကျောင်းသူ ၁၁၀ တက်ရောက်ခဲ့ကြပြီး မေ ၂၀ ရက်မှ ၂၅ ရက်အထိ သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။ တင်စိုးလွင် (ပြန်/ဆက်)

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂,၈၇၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၀ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၀-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ် ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၈၇၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၃၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၃) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃၀) ဦးအနက် (၁၅) ဦး၊ (၅၀) ရာခိုင်နှုန်းမှာ ပြည်ပမှ ဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိ ခြင်းဖြစ်ပြီး (၁၅) ဦး၊ (၅၀) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ
(၂၀-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၁၅) ဦး | (၅၀) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၁၅) ဦး | (၅၀) % |
| **စုစုပေါင်း** | **(၃၀) ဦး** | **(၁၀၀) %** |

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၂၅၉,၅၈၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၂၄၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြား ထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၆၅၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါ ပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ် ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက် ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုပ်ပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင် ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့် ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြ ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

## ယီမင်နိုင်ငံ၌ စားနပ်ရိက္ခာများပေးဝေလှူဒါန်းစဉ် လူအုပ်ပြိုမှုဖြစ်ပွား၊ ၇၈ ဦး သေဆုံး



ဆာနား မေ ၂၀

ယီမင်နိုင်ငံ မြို့တော်ဆာနား၌ စီးပွားရေးလုပ်ငန်းရှင်များက စားနပ်ရိက္ခာများလှူဒါန်းမှုပြုရာတွင် လူအုပ်ပြိုမှုဖြစ်ပွားခဲ့ပြီး အနည်းဆုံး ၇၈ ဦး သေဆုံးကာ အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

စီးပွားရေး လုပ်ငန်းရှင်များနှင့် ကုန်သည်များက စာသင်ကျောင်းတစ်ခု အတွင်း၌ ယမန်နေ့က စားနပ်ရိက္ခာများ ပေးဝေလှူဒါန်းလျက်ရှိစဉ် လူအုပ်ပြိုမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါစာသင်ကျောင်း၌ စားနပ်ရိက္ခာများ လာရောက်ယူဆောင်သူများသည် ပွတ်သိပ်စုဝေးလျက်ရှိကြောင်း ဒေသတွင်း ရုပ်မြင်သံကြားမှ ဗီဒီယိုဖိုင်တစ်ခုတွင် ပြသခဲ့သည်။

ယီမင်နိုင်ငံအတွင်း ရှစ်နှစ်ကြာ ပြည်တွင်းစစ်ပွဲများကြောင့် လယ်ယာထွက်ကုန်များ အထွက်နှုန်းရပ်တန့်သွားခဲ့ရသည်။ နိုင်ငံ၏ လူဦးရေအများစုသည် စားနပ်ရိက္ခာပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသည့်အတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီများ လိုအပ်လျက်ရှိသည်။

ယီမင်လူဦးရေထက်ဝက် သို့မဟုတ် ပျမ်းမျှအားဖြင့် လူဦးရေ ၁၇ သန်းခန့်သည် စားနပ်ရိက္ခာ ဖူလုံလောက်ငမှုမရှိကြောင်း ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ဖေဖော်ဝါရီလတွင် အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ခဲ့သည်။

ကိုးကား - အင်န်အီတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

## အာရှနိုင်ငံအချို့၏ ရာသီဥတုထူးခြားဖြစ်စဉ်များ

အာရှနိုင်ငံအချို့၌ အပူချိန်များမြင့်တက်လျက်ရှိပြီး ရာသီဥတုဆိုင်ရာထူးခြားဖြစ်စဉ်များဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

**အိန္ဒိယနိုင်ငံ**

အိန္ဒိယနိုင်ငံတွင် အပူချိန်များထူးခြားစွာမြင့်တက်မှုကြောင့် လူဦးရေ၏ ၈၀ ရာခိုင်နှုန်းမှာ ရာသီဥတုပြောင်းလဲမှုဆိုင်ရာအကျိုးဆက်များကို ခံစားနေရကြောင်း သိရသည်။ လွန်ခဲ့သည့်ရက်အတွင်းက မဟာရက်ထရာပြည်နယ်တွင် နေ့အပူချိန်များ မြင့်တက်နေစဉ် အခမ်းအနားတစ်ရပ်ကျင်းပပြီးနောက် အခမ်းအနား တက်ရောက်လာသူများမှာ အပူလျှပ်ခြင်းနှင့် အပူဒဏ်ကြောင့် မူးမော်ခြင်းအပါအဝင် ရောဂါဝေဒနာများ ခံစားခဲ့ရကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။ ယင်းအခမ်းအနားမကျင်းပမီ ရက်အနည်းငယ်အတွင်းက နေ့အပူချိန်များ ထူးခြားစွာမြင့်တက်လာနိုင်ကြောင်း တာဝန်ရှိသူများက ကြိုတင်သတိပေးခဲ့သည်။

**မလေးရှားနိုင်ငံ**

မလေးရှားနိုင်ငံတွင်လည်း လက်ရှိအချိန်တွင် မြူမှုန်များကျဆင်းခြင်းနှင့် နေ့အပူချိန်များ မြင့်တက်လျက်ရှိသဖြင့် ကျန်းမာရေးအရ နှာခေါင်းစည်းများဝတ်ဆင်ရန်နှင့် နေအိမ်အတွင်း၌ပင် နေထိုင်ရန်အပါအဝင် နေအိမ်ပြင်ပ၌ ပြင်းထန်သည့်ကိုယ်လက်လှုပ်ရှားကျင့်ခန်းများမပြုလုပ်ရန် ကျန်းမာရေးဝန်ကြီး ဇာလီဟာ မူစတာဖာက နိုင်ငံသားများကို ညွှန်ကြားထားသည်။ နိုင်ငံအတွင်း လေထုအရည်အသွေးအညွှန်းကိန်းမှာလည်း ကျန်းမာရေးထိခိုက်နိုင်သည့်အခြေအနေသို့ရောက်ရှိနေသည်။ နေအိမ်အတွင်း မြူမှုန်များဝင်ရောက်လာခြင်းမှ ကာကွယ်နိုင်ရန်အတွက် ပြတင်းပေါက်များကိုပိတ်ထားရန်နှင့် အပူချိန်မြင့်တက်လာခြင်းကြောင့် ရေဓာတ်ခန်းခြောက်ခြင်းမှကာကွယ်ရန် ရေလုံလောက်စွာ သောက်သုံးရန် ၎င်းကညွှန်ကြားခဲ့သည်။

**ထိုင်းနိုင်ငံ**

ထိုင်းနိုင်ငံမြို့တော်ဗန်ကောက်၌ အပူချိန်များ ထူးခြားစွာမြင့်တက်နေသဖြင့် ဒေသခံများမှာ နေအိမ်အတွင်း၌ပင် အပူရှောင်ကာ နေထိုင်လျက်ရှိပြီး ယခုနှစ် အပူချိန်မြင့်တက်မှုသည် လူသားများ၏ရာသီဥတုပြောင်းလဲမှုဖြစ်စေနိုင်သော ဆောင်ရွက်မှုများကြောင့် ဖြစ်လာရခြင်းဖြစ်ကြောင်း ထိုင်းနိုင်ငံမိုးလေဝသဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Thanasit Iamananchai ကပြောကြားသည်။

တပ်ခ်ခရိုင်တွင်လည်း မေ ၁၅ ရက်တွင် နေ့အပူချိန် ၄၄ ဒသမ ၆ ဒီဂရီ အထိ မြင့်တက်လာခဲ့ပြီး လာမည့်သီတင်းပတ်များအတွင်း နေ့အပူချိန်များ ထပ်မံမြင့်တက်လာနိုင်ကြောင်း သိရသည်။

ကိုးကား - စီအင်န်အေ
ဘာသာပြန် - စိုးသူရ



## ကမ္ဘောဒီးယားနိုင်ငံက ယခုနှစ် ပထမသုံးလပတ်အတွင်း ရော်ဘာတန်ချိန် ၆၅၈၂၁ တန် တင်ပို့နိုင်ခဲ့



ဖနောင်ပင် မေ ၂၀

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ်ပထမသုံးလပတ်ကာလအတွင်း ရော်ဘာတန်ချိန် ၆၅၈၂၁ တန် တင်ပို့နိုင်ခဲ့ကြောင်းနှင့် ယမန်နှစ်အလားတူကာလက ရော်ဘာတန်ချိန် ၆၁၇၃၉ တန်တင်ပို့နိုင်ခဲ့သဖြင့် ၆ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

သို့ရာတွင် ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ်ဇန်နဝါရီလမှ မတ်လအတွင်း ရော်ဘာတင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၈၉ သန်းရရှိခဲ့ပြီး ပြီးခဲ့သည့်နှစ်အလားတူကာလက ရော်ဘာတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၈ ဒသမ ၄ သန်း ဝင်ငွေရရှိခဲ့ခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၉ ဒသမ ၅ ရာခိုင်နှုန်းလျော့ကျမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**အဓိကတင်ပို့**

ကမ္ဘောဒီးယားနိုင်ငံက ရော်ဘာ အဓိကတင်ပို့သည့် နိုင်ငံများမှာ မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူနှင့် တရုတ်နိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံသည် စုစုပေါင်း ၄၀၄၅၇၈ ဟက်တာတွင် ရော်ဘာပင်များ စိုက်ပျိုးထားပြီး ယင်းဟက်တာများအနက် ၃၁၅၃၃၂ ဟက်တာ၌ စိုက်ပျိုးထားသော ရော်ဘာပင်များမှာ သက်တမ်းရင့်အပင်များဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

## တရုတ်နိုင်ငံ မွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ယခုနှစ်အတွင်း သစ်ပင် ၄၃ သန်းခန့် စိုက်ပျိုးမည်

အူလန်ဘာတာ မေ ၂၀

တရုတ်နိုင်ငံ မွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ယခုနှစ်အတွင်း အမျိုးသားသစ်ပင်စိုက်ပျိုးရေးလှုပ်ရှားမှု လုပ်ငန်းစဉ်အရ သစ်ပင် ၄၂ ဒသမ ၉ သန်းကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီး Bat-Ulzii Bat-Erdene ကို ကိုးကား၍ ဒေသခံမီဒီယာများက ယနေ့ဖော်ပြသည်။

**သစ်ပင်အနည်းဆုံး တစ်ဘီလီယံ စိုက်ပျိုးသွားရန်**

၂၀၂၁ ခုနှစ် အောက်တိုဘာလမှ စတင်၍ သစ်ပင်စိုက်ပျိုးရေးလှုပ်ရှားမှုကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ နိုင်ငံအတွင်း ကန္တာရများဖြစ်ထွန်းလာမှုမှ တားဆီးနိုင်ရန်အတွက် ၂၀၃၀ ပြည့်နှစ်အရောက်တွင် သစ်ပင်အနည်းဆုံး တစ်ဘီလီယံ စိုက်ပျိုးသွားရန်ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရာသီဥတုပြောင်းလဲမှုများ၏ အကျိုးဆက်များအဖြစ် ကန္တာရများများပြားလာသည့်အတွက် နိုင်ငံအတွင်း ပြီးခဲ့သည့်နှစ်များက သဲမုန်တိုင်းများ မကြာခဏ တိုက်ခတ်ခဲ့ကြောင်း သိရသည်။ လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ မြေယာများ၏ ၇၇ ရာခိုင်နှုန်းခန့်မှာ ကန္တာရများအဖြစ် တည်ရှိခြင်းနှင့် မြေအရည်အသွေးကျဆင်းခြင်းတို့ဖြစ်ပေါ်လျက်ရှိပြီး မြေယာ ၇ ဒသမ ၉ ရာခိုင်နှုန်းခန့်သာ သစ်တောများအဖြစ် တည်ရှိနေသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

## တရုတ်နိုင်ငံ၌ 5G ကွန်ရက် အခြေစိုက်စခန်းပေါင်း ၂ ဒသမ ၆၄ သန်း ကျော်ရှိ

ပေကျင်း မေ ၂၀

တရုတ်နိုင်ငံ၌ လက်ရှိအချိန်အထိ 5G ကွန်ရက် အခြေစိုက်စခန်းပေါင်း ၂ ဒသမ ၆၄ သန်း ကျော်လွန်သွားပြီဖြစ်ကြောင်း စက်မှုနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

နိုင်ငံအတွင်း 5G မိုဘိုင်းဖုန်း အသုံးပြုသူဦးရေသည် မတ်လကုန်တွင် သန်း ၆၂၀ အထိ မြင့်တက်လာပြီး 5G




ကွန်ရက်အသုံးပြုမှုစနစ်သည် နိုင်ငံအတွင်းရှိ ခရိုင်အားလုံးကို လွှမ်းခြုံထားကြောင်း စက်မှုနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနက ဆိုသည်။

5G နည်းပညာများကို တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိသည်။

**ထပ်မံတိုးချဲ့ဆောင်ရွက်သွားမည်**

တရုတ်နိုင်ငံသည် ယခုနှစ်အတွင်း 5G အခြေစိုက်စခန်းပေါင်း ၆၀၀၀၀၀ ခန့်ကို ထပ်မံတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၃ နှစ်ကုန်ပိုင်းတွင် အခြေစိုက်စခန်းပေါင်း ၂ ဒသမ ၉ သန်း အထိ တိုးမြှင့်ရန် စီစဉ်လျက်ရှိကြောင်း စက်မှုနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီး ကျင်ကျွန်းလောင်က ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

## ပုသိမ်ကြီးမြို့နယ် မြကန်သာကျေးရွာ၌ ရဟန်းသံဃာအယောင်ဆောင်ထားသည့် PDF အမည်ခံ အကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်

နေပြည်တော် ဧပြီ ၂၀

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြကန်သာကျေးရွာ၌ လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် သင်္ကန်းများဝတ်ဆင်၍ ရဟန်းသံဃာအယောင်ဆောင်ထားသည့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၇ နာရီခွဲခန့်တွင် ပုသိမ်ကြီးမြို့နယ် မြကန်သာကျေးရွာ အုပ်ချုပ်ရေးမှူးရုံးအနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက သင်္ကန်းများဝတ်ဆင်၍ ရဟန်းသံဃာများ အယောင်ဆောင်ကာ Mazda Titan Truck အမျိုးအစား မော်တော်ယာဉ်ဖြင့် ရောက်ရှိလာပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်၍ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

အဆိုပါ PDF အမည်ခံ အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ယခုကဲ့သို့ သာသနာကို ခုတုံးလုပ်ပြီး မြင့်မြတ်သော ရဟန်းသံဃာများ ဝတ်ဆင်သည့် သင်္ကန်းများကို ဝတ်ဆင်၍ ရဟန်းသံဃာအယောင်ဆောင်ကာ အောက်တန်းကျသော စိတ်ယုတ်စိတ်ဓာတ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား အမြန်ဆုံးဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




ပုသိမ်ကြီးမြို့နယ် မြကန်သာကျေးရွာတွင် PDF အမည်ခံ အကြမ်းဖက်သမားများက ရဟန်းသံဃာအယောင်ဆောင်ကာ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက် ထွက်ပြေးသွားသည့် နေရာပြပုံ။

## ထားဝယ်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ခရီးသွားမော်တော်ယာဉ်ကို လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့သဖြင့် အမျိုးသမီး တစ်ဦး သေဆုံး

နေပြည်တော် ဧပြီ ၂၀

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက အပြစ်မဲ့အရပ်သားပြည်သူများ စီးနင်းလိုက်ပါလာသည့် ခရီးသွားမော်တော်ယာဉ်ကို လက်နက်ငယ်များဖြင့် ဆင်ခြင်တုံတရားမဲ့စွာ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အမျိုးသမီး တစ်ဦး ကျည်ထိမှန်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၉ ရက် နံနက် ၉ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ကျောက်မဲတောင်ကျေးရွာနေ ဒေါ်ခင်ပြုံးမြင့်(၆၅)နှစ်နှင့် ၎င်း၏မြေးဖြစ်သူ မသဲနုရွှေစင်(၁၅)နှစ်တို့သည် တောင်သုံးလုံးကျေးရွာနေ ကိုထွန်းမောင်(၃၉)နှစ် မောင်းနှင်သည့် Honda Fit အမျိုးအစား မော်တော်ယာဉ်ဖြင့် ထားဝယ်မြို့မှ ကျောက်မဲတောင်ကျေးရွာသို့ ပြန်လာစဉ် သရက်ငုတ်ကျေးရွာအနီးသို့ အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် မသဲနုရွှေစင်တွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးခဲ့သည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများ စီးနင်းလိုက်ပါလာသည့် ခရီးသွားမော်တော်ယာဉ်အား ဆင်ခြင်တုံတရားမဲ့စွာ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဧပြီ ၂၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်နေ ဇော်လွင်မောင်သည် ၎င်းအသုံးပြုသည့် " Zaw Lwin Mg" Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ပန်းတောကျေးရွာနေ လွမ်းမိုးကျော်သည် ၎င်းအသုံးပြုသည့် "Lwan Moe Kyaw" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကော့ကရိတ်၊ ကွတ်ခိုင်နှင့် နောင်ချိုမြို့နယ်တို့တွင် မူးယစ်ဆေးများ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၂၀

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဧပြီ ၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ကော့ကရိတ်မြို့နယ် တံတားကျိုးကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဇော်ဝင်း(ခ)မာမား မောင်းနှင်ပြီး ဝင်းဆွေဦး(ခ)အကြီးကောင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၀၀ ကို လည်းကောင်း၊

အလားတူ ထိုနေ့ မွန်းလွဲ ၁ နာရီတွင် ကွတ်ခိုင်မြို့ အမှတ်(၈)ရပ်ကွက်နေ မမင်ဝမ်ချင်း(ခ)အားရှန်၏ နေအိမ်ကို ဝင်ရောက် ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၃၀၀၀ ကို လည်းကောင်း၊ ထိုနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် နောင်ချိုမြို့ ဘူတာရပ်ကွက်နေ အတာစိုး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## မက်မန်းမြို့နယ်၌ အမြင့်တင်ရေပေးဝေရေးလုပ်ငန်း လွှဲပြောင်းအပ်နှံပွဲ ကျင်းပ

မက်မန်း ဧပြီ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) မက်မန်းခရိုင် မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သော အမြင့်တင်ရေပေးဝေရေးလုပ်ငန်း လွှဲပြောင်းအပ်နှံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မင်းရန်အောင်ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မက်မန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မက်မန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်းက စီမံကိန်းလုပ်ငန်းများလွှဲပြောင်းအပ်နှံရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းညီဇော်လှအောင်က အမြင့်တင်ရေပေးဝေရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မင်းရန်အောင်ကျေးရွာမှ ကော်မတီဝင်ထံသို့ လုပ်ငန်းလွှဲပြောင်းမှတ်တမ်းလွှာကို လွှဲပြောင်းပေးအပ်ခဲ့သည်။

မင်းရန်အောင်ကျေးရွာတွင် အမြင့်တင်ရေပေးဝေရေးလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၀၂၉ သန်း စုစုပေါင်းရန်ပုံငွေကျပ် ၁၂ ဒသမ ၀၂၉ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် သက်ဆိုင်ရာ ကျေးရွာကော်မတီဝင်များထံသို့ လုပ်ငန်းများ လွှဲပြောင်းအပ်နှံခြင်းဖြစ်ကြောင်း သိရသည်။

JJJ





## (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲအထိမ်းအမှတ် မီးရှူးတိုင်သယ်ယူရေးစည်းဝေး

ရန်ကုန် ဧပြီ ၂၀

(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲအထိမ်းအမှတ် မီးရှူးတိုင်သယ်ယူမည့်အစီအစဉ် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃) တွင် ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက မေ ၅ ရက်မှ ၁၇ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံတွင် ပြုလုပ်မည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ဇွန် ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲအထိမ်းအမှတ် မီးရှူးတိုင်သည် ရန်ကုန်မြို့သို့ ဧပြီ ၁၉ ရက်တွင် ရောက်ရှိပြီး ဧပြီ ၂၁ ရက်တွင် မီးရှူးတိုင်သယ်ယူခြင်း အစီအစဉ်ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲအထိမ်းအမှတ် မီးရှူးတိုင်သယ်ယူခြင်းအခမ်းအနားကို ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ အရှေ့တီမော၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့တွင် နိုင်ငံအလိုက်ကျင်းပခဲ့ပြီး ယခု ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်၍ တာဝန်ရှိသူအသီးသီးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဥပဒေချုပ်က မီးရှူးတိုင်သယ်ယူမည့်အစီအစဉ်ကို ရှင်းလင်းတင်ပြသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

### ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

**လိုက်နာဆောင်ရွက်ရန်အချက်များ**

- အရိပ်ရ၍အေးမြသောနေရာများတွင်သာ နေပါ၊
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပုခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊
- နေ့ခင်းနေ့လည်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ၊ နေကာမျက်မှန်တပ်ဆင်ပါ၊
- ရေများများသောက်ပါ။

**ရှောင်ကြဉ်ရန်အချက်များ**

- နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း တို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ပူပြင်းသောနေရောင်အောက်မှအလွန်အေးသောအခန်းနှင့်ကားအတွင်းသို့ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်းမှပူပြင်းသောနေရောင်ထဲသို့ချက်ချင်းထွက်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊
- အရက်သေစာသောက်စားခြင်းကိုရှောင်ကြဉ်ပါ။

**အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ**

- သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
- အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

(ဧပြီလ၊ ၂၀၂၃)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၄-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၅ | ၂၁၁၅ | ၂၁၁၀ | ၂၀၇၅ | ၂၁၁၅ | ၂၁၃၅ | ၂၁၂၀ | ၂၁၀၀ | ၂၁၉၅ | ၂၂၁၅ | ၂၁၀၅ | ၂၁၁၅ | ၂၁၅၀ | ၂၁၅၀ | ၂၁၅၅ | ၂၃၈၅ | ၂၈၁၀ |
| 95 Ron | ၂၁၆၀ | ၂၂၁၀ | ၂၂၀၅ | ၂၁၆၅ | ၂၂၀၅ | ၂၂၃၀ | ၂၂၁၅ | ၂၁၉၀ | ၂၂၉၀ | ၂၃၀၅ | ၂၂၀၀ | ၂၂၁၅ | ၂၂၄၅ | ၂၂၄၅ | ၂၂၄၅ | ၂၄၇၅ | ၂၈၈၅ |
| HSD (500 ppm) | ၁၉၉၅ | ၂၀၄၅ | ၂၀၄၀ | ၂၀၀၅ | ၂၀၄၅ | ၂၀၆၅ | ၂၀၆၅ | ၂၀၃၀ | ၂၁၅၀ | ၂၁၄၅ | ၂၀၃၅ | ၂၀၅၀ | ၂၀၈၀ | ၂၀၈၀ | ၂၀၈၅ | ၂၃၁၅ | ၃၁၀၀ |
| HSD (50 ppm) | ၂၀၇၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၁၂၅ | ၂၁၄၅ | ၂၁၄၅ | ၂၁၁၀ | ၂၂၃၀ | ၂၂၂၅ | ၂၁၁၅ | ၂၁၃၀ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၅ | ၂၃၉၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၀၇၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၁၂၅ | ၂၁၄၅ | ၂၁၄၅ | ၂၁၁၀ | ၂၂၃၀ | ၂၂၂၅ | ၂၁၁၅ | ၂၁၃၀ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၅ | ၂၃၉၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၅၉ | ၂၀၃၂ |
| 95 Ron | ၂၀၄၉ | ၂၁၂၃ |
| HSD (500 ppm) | ၁၈၉၅ | ၁၉၆၃ |
| HSD (50 ppm) | ၁၉၆၉ | ၂၀၃၈ |
| HSD (10 ppm) | ၁၉၆၉ | ၂၀၃၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အာဏာသက်ဝင်ခြင်းနှင့် ဆောင်ရွက်ရန်လုပ်ငန်းများ

ဒေါက်တာမိုးမိုးသွယ်

**၂၀၁၉ ခုနှစ်ဟာ မြန်မာနိုင်ငံရဲ့ မူပိုင်ခွင့်သမိုင်းမှာ မှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့တဲ့ နှစ်တစ်နှစ်ဖြစ်ခဲ့ပါတယ်။ မူပိုင်ခွင့်ဥပဒေတွေဖြစ်တဲ့ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေနဲ့ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့ကစပြီး ပြဋ္ဌာန်းနိုင်ခဲ့တယ်။**

> **"ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ၂၀၁၉ အနေနဲ့ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ မျှတတဲ့ဈေးကွက်ယှဉ်ပြိုင်မှုဖြစ်စေရေး၊ မမှန်ကန်တဲ့ကုန်ပစ္စည်းတွေ ဈေးကွက်အတွင်း ဝင်ရောက်ခြင်းကို ဟန့်တားပေးခြင်းဖြင့် သုံးစွဲသူပြည်သူတွေ စစ်မှန်တဲ့လူသုံးကုန်ပစ္စည်းတွေကို ရွေးချယ်အသုံးပြုနိုင်စေရေး၊ အမှတ်တံဆိပ်ပိုင်ရှင်အတွက် ယှဉ်ပြိုင်မှုမြင့်မားတဲ့ဈေးကွက်မှာ မူပိုင်ခွင့် အကာအကွယ်ရယူထားခြင်းဖြင့် ပြိုင်ဘက်စီးပွားရေးသမားတွေရဲ့ ဆင်တူယိုးမှားအသုံးပြုခြင်း၊ တုပအသုံးပြုခြင်းဖြင့် မိမိတို့ရဲ့ ဂုဏ်သိက္ခာနဲ့ စီးပွားရေးလုပ်ငန်းထိခိုက်ခြင်းကနေ ကာကွယ်ဟန့်တားနိုင်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး စတဲ့အခွင့်အရေးတွေပေးအပ်ခြင်းဖြင့် နိုင်ငံတော်ရဲ့ စီးပွားရေးဂေဟစနစ်ကို စနစ်တကျဖြစ်ပေါ်တိုးတက်လာစေဖို့ ထိန်းကျောင်းပေးနိုင်တဲ့ ဥပဒေတစ်ရပ်ဖြစ်"**

မူပိုင်ခွင့်ဥပဒေတွေက ပြဋ္ဌာန်းလိုက်တာနဲ့ အာဏာသက်ဝင်တဲ့ ဥပဒေတွေမဟုတ်ဘဲ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီး အမိန့်ကြော်ငြာစာနဲ့ ထုတ်ပြန်ကြေညာတဲ့နေ့ရက်မှာမှ အာဏာ စတည်မှာဖြစ်တယ်။ ပြဋ္ဌာန်းထားတဲ့မူပိုင်ခွင့် ဥပဒေ ၄ ရပ်ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် သက်ဆိုင်ရာနည်းဥပဒေများရေးဆွဲခြင်း၊ မှတ်ပုံတင်လျှောက်လွှာများ ပြင်ဆင်ခြင်း၊ အခကြေးငွေများ သတ်မှတ်ခြင်း စတဲ့လုပ်ငန်းတွေအပြင် မူပိုင်ခွင့်စစ်ဆေးခြင်းဆောင်ရွက်မယ့် စစ်ဆေးရေးအရာရှိတွေကို ခန့်အပ်တာဝန်ပေးပြီး ဥပဒေပြဋ္ဌာန်းချက်တွေအတိုင်း အမှတ်တံဆိပ်တွေကို စစ်ဆေးနိုင်စေဖို့ လေ့ကျင့်သင်ကြားမှုတွေနဲ့ စစ်ဆေးသူတွေအတွက် ညွှန်ကြားချက် (Examiner Guidelines)တွေကို ပြင်ဆင်ဆောင်ရွက်ရပါတယ်။

ဒါ့အပြင် မူပိုင်ခွင့်ဥပဒေတွေအရ ဥပဒေတွေကို အကောင်အထည်ဖော်ဆောင်ရွက်မယ့် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ၊ မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီနဲ့ မူပိုင်ခွင့်ဦးစီးဌာန စတဲ့အဖွဲ့အစည်းတွေကိုလည်း ဖွဲ့စည်းတည်ထောင်ပြီး လိုအပ်တဲ့မူဝါဒတွေနဲ့ ကြိုတင်ပြင်ဆင်ရမယ့် လုပ်ငန်းတွေကိုဆောင်ရွက်ဖို့ လိုအပ်တာဖြစ်တယ်။ မူပိုင်ခွင့်ဥပဒေတွေအရ မြန်မာ့မူပိုင်ခွင့်စနစ်တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို တာဝန်ပေးအပ်ခဲ့ပါတယ်။ ဒါကြောင့် မူပိုင်ခွင့်ဦးစီးဌာနကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်မှာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့မှာ ဖွဲ့စည်းတည်ထောင်ပြီး မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတွေကို ပြင်ဆင်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဇွန်လ ၃ ရက်နေ့မှာ ပထမအကြိမ် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီအစည်းအဝေးတစ်ရပ်ကိုကျင်းပပြီး မူပိုင်ခွင့်ဥပဒေတွေ အကောင်အထည်ဖော်ဆောင်ရွက်မယ့် လမ်းပြမြေပုံ (Road Map) ကို အတည်ပြုနိုင်ခဲ့ပါတယ်။ အဲဒီ လမ်းပြမြေပုံအရ မူပိုင်ခွင့်ဥပဒေ ၄ ရပ်အနက် ကုန်သွယ်မှုနဲ့ စီးပွားရေးလုပ်ငန်းတွေမှာ လိုအပ်နေတဲ့ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကို စတင်အကောင်အထည်ဖော်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

### အသုံးပြုသူကို ဦးစားပေးတဲ့စနစ်ကို ကျင့်သုံး

မြန်မာနိုင်ငံမှာ ကုန်အမှတ်တံဆိပ် အကာအကွယ်ပေးမှုနဲ့ ပတ်သက်ပြီး သီးခြားဥပဒေ ပြဋ္ဌာန်းဆောင်ရွက်ခဲ့ခြင်းမရှိဘဲ အသုံးပြုသူကို ဦးစားပေးတဲ့စနစ် (First to Use) ကို ကျင့်သုံးခဲ့တာဖြစ်တယ်။ ဈေးကွက်ထဲ ဖြန့်ချိရောင်းချမယ့် ထုတ်ကုန်ပစ္စည်းတွေ၊ ဝန်ဆောင်မှုလုပ်ငန်းတွေမှာ အမှတ်တံဆိပ်တစ်ခုခုကို ရွေးချယ်သတ်မှတ်ပြီး ဆောင်ရွက်ကြတဲ့အခါ ဈေးကွက်ထဲဦးစွာရောက်တဲ့ အမှတ်တံဆိပ်က ဦးစားပေးအခွင့်အရေးရနိုင်တဲ့ စနစ်ကို First to Use စနစ်လို့ ဆိုလိုတာဖြစ်တယ်။ ဒါကြောင့် အမှတ်တံဆိပ် ခတ်နှိပ်ဆောင်ရွက်ကြတဲ့ စီးပွားရေးလုပ်ငန်းတွေအနေနဲ့ မိမိအသုံးပြုတဲ့ အမှတ်တံဆိပ်တွေကို လက်တွေ့လုပ်ငန်းနယ်ပယ်မှာ စဉ်ဆက်မပြတ်အသုံးပြုနေဖို့သာ အဓိက လိုအပ်မှာဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ အမှတ်တံဆိပ်တွေကို ကြေးတိုင်နဲ့ မြေစာရင်းမှတ်ပုံတင်ရုံးမှာ စာချုပ်စာတမ်းတွေ မှတ်ပုံတင်တဲ့ခေါင်းစဉ်အောက်မှာ မှတ်ပုံတင်လာကြပြီး မိမိတို့လုပ်ငန်းမှာ အသုံးပြုမယ့်အမှတ်တံဆိပ်တွေကို အများပြည်သူတွေ သိရှိနိုင်ဖို့ နိုင်ငံပိုင်သတင်းစာတွေကတစ်ဆင့် အသိပေးကြေညာလာကြတာကို တွေ့ရပါတယ်။

အခုပြဋ္ဌာန်းကျင့်သုံးမယ့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေက မြန်မာနိုင်ငံမှာ အမှတ်တံဆိပ်အကာအကွယ်ပေးခြင်းနဲ့ပတ်သက်လို့ သီးခြားဥပဒေတစ်ရပ်အနေနဲ့ ပေါ်ပေါက်ခဲ့တာဖြစ်ပြီး ဦးစွာမှတ်ပုံတင်နိုင်တဲ့သူကို ဦးစားပေးမယ့်စနစ် (First to File) ဖြစ်ပါတယ်။ First to File စနစ်ဟာ First to Use စနစ်နဲ့နှိုင်းယှဉ်ရင် အမှတ်တံဆိပ်ဆိုင်ရာ အငြင်းပွားမှုတွေကို ဖြေရှင်းတဲ့အခါ ပိုမိုထိရောက်တဲ့ စနစ်တစ်ခုဖြစ်လို့ နိုင်ငံတကာမှာလည်း First to File စနစ်ကိုသာ အများဆုံးအသုံးပြုနေကြတာ ဖြစ်ပါတယ်။

အဲဒါကြောင့် အမှတ်တံဆိပ်ပိုင်ရှင်တွေအနေနဲ့ မိမိတို့ရဲ့စီးပွားရေးလုပ်ငန်းတွေမှာ အသုံးပြုနေကြတဲ့ အမှတ်တံဆိပ်တွေကို အကာအကွယ်လိုချင်တယ်ဆိုရင် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေမှာပါတဲ့ ပြဋ္ဌာန်းဖော်ပြချက်တွေကို လိုက်နာဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ယခုလက်ရှိ မြန်မာနိုင်ငံရဲ့ ဈေးကွက်အတွင်းမှာ အသုံးပြုနေကြတဲ့ အမှတ်တံဆိပ်အဟောင်း(Old Marks) တွေအနေနဲ့ စနစ်သစ်ကို လွယ်ကူစွာအသုံးပြုနိုင်ပြီး မိမိတို့ရဲ့ အမှတ်တံဆိပ်တွေ နောက်ကျမှလျှောက်ထားမှုကြောင့် မလိုလားအပ်တဲ့ အငြင်းပွားမှုတွေမဖြစ်စေဖို့ အမှတ်တံဆိပ်အဟောင်း မှတ်ပုံတင်တာကို ဦးစားပေးဆောင်ရွက်နိုင်ဖို့အတွက် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေပုဒ်မ(၉၃)ကို ပြဋ္ဌာန်းခဲ့ပါတယ်။

### အဆင့်နှစ်ဆင့် သတ်မှတ်ဖော်ပြထား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ဥပဒေပုဒ်မ(၉၃)ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် အမှတ်တံဆိပ်အဟောင်းတွေကို ကြိုတင်လက်ခံနိုင်စေဖို့ အမိန့်အမှတ် ၆၃/၂၀၂၀ ကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၂၈ ရက်နေ့မှာ ထုတ်ပြန်ကြေညာပြီး ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီကြေညာချက်မှာ Old Mark တွေအနေနဲ့ အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းအတွက် အဆင့်နှစ်ဆင့် သတ်မှတ်ဖော်ပြထားပါတယ်။

ပထမအဆင့်မှာ အမှတ်တံဆိပ်တွေကို အမှတ်တံဆိပ်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေတဲ့ ကိုယ်စားလှယ်တွေကတစ်ဆင့် ဦးစီးဌာနက သတ်မှတ်ထားတဲ့ အီလက်ထရွန်နစ်စနစ်ကို အသုံးပြုလျှောက်ထားနိုင်ပြီး ဒုတိယအဆင့်မှာတော့ အမှတ်တံဆိပ်ပိုင်ရှင်တွေကိုယ်တိုင် သို့မဟုတ် သူတို့ရဲ့ကိုယ်စားလှယ်တွေအနေနဲ့ မူပိုင်ခွင့်ဦးစီးဌာနရဲ့ လျှောက်လွှာလက်ခံမယ့်နေရာ (Reception Counter) တွေမှာ လာရောက်မှတ်ပုံတင် လျှောက်ထားနိုင်ပါတယ်။ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၁ ရက်နေ့မှာ အမှတ်တံဆိပ် လျှောက်လွှာ ကြိုတင်လက်ခံခြင်း ပထမအဆင့် (Soft Opening) ကို ဖွင့်လှစ်နိုင်ခဲ့ပြီး အမှတ်တံဆိပ်တွေကို အမှတ်တံဆိပ်ဆိုင်ရာ ဝန်ဆောင်မှုကိုယ်စားလှယ်တွေ (Trademark Representatives) က Online ကနေတစ်ဆင့် လျှောက်ထားတာကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အမှတ်တံဆိပ်လျှောက်လွှာတွေ လက်ခံဆောင်ရွက်တာကို ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့က နည်းပညာပံ့ပိုးကူညီပေးခဲ့တာကြောင့် WIPO FILE စနစ်လို့ အမည်ပေးခဲ့ပြီး အသုံးပြုသူတွေကိုလည်း မူပိုင်ခွင့်ဦးစီးဌာနရဲ့ အင်တာနက်ဝက်ဘ်ဆိုက်ကနေတစ်ဆင့် အသုံးပြုသူအမည် (User Name) နဲ့ စကားဝှက် (Password) ကို အသုံးပြုပြီး ဆောင်ရွက်စေခဲ့ပါတယ်။ အခုအချိန်မှာ WIPO File ကနေတစ်ဆင့် လက်ခံရရှိတဲ့ အမှတ်တံဆိပ်မူပိုင်ခွင့် လျှောက်လွှာစုစုပေါင်း ၄၅၀၀၀ ကျော်ကို လက်ခံရရှိပြီး ဖြစ်ပါတယ်။

အခု ၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကို စတင်အာဏာသက်ရောက်တဲ့နေ့အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာနည်းဥပဒေနဲ့ ကုန်အမှတ်တံဆိပ် လျှောက်ထားခြင်းအတွက် လျှောက်လွှာပုံစံနဲ့ အခကြေးငွေသတ်မှတ်ခြင်းတွေကိုလည်း ထုတ်ပြန်ကြေညာပြီးဖြစ်ပါတယ်။ ဥပဒေအာဏာသက်ဝင်ပြီးနောက် အမှတ်တံဆိပ်လျှောက်ထားတဲ့အခါ အီလက်ထရွန်နစ်စနစ်ကို အသုံးပြုပြီး Online ကနေ လျှောက်ထားခြင်းအပြင် လျှောက်လွှာလက်ခံမယ့် ဌာနတွေကို ကိုယ်တိုင်လာရောက် လျှောက်ထားနိုင်မှာဖြစ်ပါတယ်။

၂၀၂၃ ခုနှစ် ဧပြီလ ၃ ရက်နေ့က စတင်ပြီး လူကိုယ်တိုင်လာရောက် လျှောက်ထားလိုရင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန ရုံးအမှတ် (၅၂)၊ နေပြည်တော်နဲ့ ရန်ကုန်မြို့ ကမ်းနားလမ်းမှာရှိတဲ့ ကုန်သွယ်ရေးဦးစီးရုံး (ဒုတိယထပ်) တို့ရဲ့ လျှောက်လွှာလက်ခံဌာနတွေမှာ လာရောက်လျှောက်ထားနိုင်ပြီ ဖြစ်ပါတယ်။ မန္တလေးမြို့ ၃၅ လမ်းပေါ်မှာရှိတဲ့ ကုန်သွယ်ရေးဦးစီးဌာန မန္တလေးတိုင်း ပို့ကုန်သွင်းကုန်ရုံးမှာ မူပိုင်ခွင့်လျှောက်လွှာလက်ခံဌာန(ယာယီ) ကိုလည်း ဖွင့်လှစ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

### အချက်ငါးချက်နဲ့ပြည့်စုံခဲ့ရင် Filing Date ရရှိနိုင်မှာဖြစ်

အမှတ်တံဆိပ်မူပိုင်ခွင့် လျှောက်ထားခြင်းတွေအတွက် အမှတ်တံဆိပ်လျှောက်ထားတဲ့နေ့ရက် (Filing Date) ကို ရရှိဖို့အတွက် ဦးစီးဌာနက သတ်မှတ်ထားတဲ့ အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားလွှာ (TM-1) ကို အသုံးပြုရမှာဖြစ်တယ်။ လျှောက်လွှာမှာပါတဲ့ သတင်းအချက်အလက်တွေကို ဖြည့်စွက်တဲ့အခါ အချက်ငါးချက်နဲ့ပြည့်စုံခဲ့ရင် Filing Date ရရှိနိုင်မှာဖြစ်တယ်။

အဲဒီငါးချက်က လျှောက်ထားသူအမည် (Name)၊ ဆက်သွယ်ရမည့် နေရပ်လိပ်စာအပြည့်အစုံ (Full Address)၊ အမှတ်တံဆိပ်ရဲ့ ပြည့်စုံစွာဖော်ပြချက် (Mark Description)၊ လျှောက်ထားတဲ့ အမှတ်တံဆိပ်အသုံးပြုမယ့် ထုတ်ကုန်အမျိုးအစား သို့မဟုတ် ဝန်ဆောင်မှုအမျိုးအစား ခွဲခြားသတ်မှတ်ဖော်ပြချက် (Classification) နဲ့ အခကြေးငွေပေးဆောင်ခြင်း (Fees) တို့ပဲဖြစ်ပါတယ်။ ကိုယ်စားလှယ်နဲ့လျှောက်ထားမယ့် အမှတ်တံဆိပ်ပိုင်ရှင်တွေအတွက် ကိုယ်စားလှယ်ခန့်အပ်လွှာ(TM-2)ကိုပါ ဖြည့်စွက်တင်ပြဖို့ လိုအပ်ပါတယ်။ အမှတ်တံဆိပ်လျှောက်ထားမှုမှာ အသုံးပြုရမယ့် လျှောက်လွှာပုံစံတွေနဲ့ လျှောက်ထားသူတွေ နမူနာကြည့်ရှုနိုင်မယ့် အသုံးပြုသူတွေအတွက် လမ်းညွှန်စာအုပ် (User Manual) တွေကိုလည်း မူပိုင်ခွင့်ဦးစီးဌာနရဲ့ Website: www.ipd.gov.mm မှာ အလွယ်တကူ ရယူလေ့လာနိုင်မှာဖြစ်ပါတယ်။

အမှတ်တံဆိပ်လျှောက်ထားမှုအတွက် အခကြေးငွေ ကောက်ခံမယ့် နည်းလမ်းတွေကိုလည်း အများပြည်သူကို အသိပေးကြေညာထားပါတယ်။ အီလက်ထရွန်နစ်စနစ်နဲ့ လျှောက်ထားသူတွေအတွက် အခကြေးငွေကို အီလက်ထရွန်နစ် ငွေပေးချေခြင်းနည်းလမ်း (E-Payment) စနစ်ကို ကျင့်သုံးရမှာဖြစ်ပြီး လူကိုယ်တိုင်လာရောက်လျှောက်ထားသူတွေအတွက် လျှောက်လွှာလက်ခံတဲ့နေရာတွေမှာ MPU Card တွေနဲ့ (Point of Sale – POS) စနစ်ကို အသုံးပြုပြီး ပေးချေရမှာဖြစ်ပါတယ်။ ဒါကြောင့် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၁ ရက်နေ့ကစလို့ အီလက်ထရွန်နစ်စနစ်ကို အသုံးပြုပြီး လျှောက်ထားခဲ့ကြတဲ့ အမှတ်တံဆိပ်လျှောက်လွှာတွေအတွက် သတ်မှတ်နှုန်းထားတွေအတိုင်း အခကြေးငွေပေးသွင်းတာတွေကို ၂၀၂၃ ခုနှစ် ဧပြီလ ၃ ရက်နေ့မှ စတင်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါတယ်။ အခကြေးငွေပေးသွင်းတာတွေကို အချိန်တိုအတွင်း လွယ်ကူစွာဆောင်ရွက်နိုင်စေဖို့အတွက် ဆောင်ရွက်ပုံနည်းလမ်းအဆင့်ဆင့်ကိုလည်း ဦးစီးဌာနရဲ့ အင်တာနက်ဝက်ဘ်ဆိုက်မှာ လေ့လာနိုင်ပါတယ်။

စာမျက်နှာ ၁၈ သို့ *

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင်ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓါတ်ဆားဓါတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့် တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါကအသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင်အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင်(သို့မဟုတ်)အရောင်ဖျော့သောပွပွချောင်ချောင်ချည်ထည်များကိုဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓါတ်ဆားဓါတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓါတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ရေနှင့်ဓါတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊လည်ပင်း၊ချိုင်းကြား(၂)ဖက်နှင့်ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန
(ဧပြီလ၊ ၂၀၂၃)




## ကျိုက်ထိုမြို့နယ်၌ အထူးကုဆရာဝန်ကြီးများ အခမဲ့ ကွင်းဆင်းကုသပေး

ကျိုက်ထို မေ ၂၀

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ နှစ်ဦးအလှူအဖြစ် အထူးကုဆရာဝန်ကြီးများက မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ကျန်းမာရေးကောင်းမွန်စေရန် (အခမဲ့) ကျန်းမာရေးစစ်ဆေးကုသခြင်းကို ယနေ့ နံနက် ၉ နာရီတွင် ကျိုက်ပေါလော မဲ့ရှင်တော်ဘုရားဓမ္မာရုံ၌ ကွင်းဆင်းဆောင်ရွက်သည်။

ယင်းသို့ဆောင်ရွက်ရာတွင် သထုံခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ဝင်းဇော်၊ ကျိုက်ထိုမြို့နယ်ဆရာဝန်ကြီး ဒေါက်တာခွန်မောင်အိုး၊ အထူးကုဆရာဝန်ကြီး ခုနစ်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည်များ စစ်ဆေးကုသပေးပြီး ဆေးဝါးများ အခမဲ့လှူဒါန်းပေးသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်ကုသပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ကြက်ခြေနီအသင်းဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များက ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျိုက်ထို (ပြန်/ဆက်)**

✻ စာမျက်နှာ ၁၇ မှ

### ဧပြီလ ၂၆ ရက်နေ့မှာ စတင်ဆောင်ရွက်သွားမှာဖြစ်

အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားတာတွေကို တရားဝင်လက်ခံဆောင်ရွက်ခြင်း (Grand Opening) ကို ၂၀၂၃ ခုနှစ် ဧပြီလ ၂၆ ရက်နေ့မှာ စတင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဧပြီလ ၂၆ ရက်နေ့မှာ အမှတ်တံဆိပ်အဟောင်းတွေ (Old Marks) အပြင် အမှတ်တံဆိပ်အသစ်တွေ (New Marks) ကိုလည်း လက်ခံဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဈေးကွက်ထဲမှာ အမှန်တကယ်အသုံးမပြုရသေးပေမယ့် အသုံးပြုဖို့ ရည်ရွယ်တဲ့ အမှတ်တံဆိပ်တွေကို အမှတ်တံဆိပ်အသစ်အနေနဲ့ လက်ခံမှာဖြစ်ပါတယ်။ အမှတ်တံဆိပ်အသစ်တွေအနေနဲ့ ယခုအချိန်မှာ အသုံးမပြုရသေးပေမယ့် မှတ်ပုံတင်လျှောက်ထားတဲ့နေ့ရက်ကနေ သုံးနှစ်အတွင်း လျှောက်လွှာတင်စဉ်က မိမိသတ်မှတ်ဖော်ပြထားတဲ့ ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုမှာ အသုံးပြုနိုင်ဖို့ ဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။

မူပိုင်ခွင့်လျှောက်ထားလာတဲ့ အမှတ်တံဆိပ်တွေကို အမှတ်တံဆိပ်စစ်ဆေးသူ (Trademark Exasminar) တွေက ဥပဒေပါ ပြဋ္ဌာန်းချက်တွေအတိုင်း စစ်ဆေးဆောင်ရွက်မှာဖြစ်ပါတယ်။ အမှတ်တံဆိပ်တစ်ခုကို ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတွေမှာ အသုံးပြုဖို့ခွင့်ပြုတဲ့အခါ လျှောက်ထားလာတဲ့ အမှတ်တံဆိပ်ပိုင်ရှင်ကို အသုံးပြုနေသမျှ ကာလပတ်လုံး တစ်ဦးတည်းအသုံးပြုနိုင်တဲ့ အခွင့်အရေး (Monopolized Right) ပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် အများကအသုံးပြုခွင့်ရှိတဲ့စကားလုံး (Words) သို့မဟုတ် ရုပ်ပုံ (Figures)အသုံးပြုထားတဲ့အမှတ်တံဆိပ်တွေ (ဥပမာ- မြန်မာ၊ မန္တလေး ကျုံးမြို့ရိုးပုံ စသည်) နဲ့ ဥပဒေအရ ကန့်သတ်ထားတဲ့ အမှတ်တံဆိပ်တွေ (ဥပမာ- နိုင်ငံတော်အလံ၊ ကြက်ခြေနီတံဆိပ် စသည်) ကို ဥပဒေပါသတ်မှတ်ချက်တွေအတိုင်း စစ်ဆေးပြီး ကုန်သွယ်မှုမှာ မှန်ကန်စွာအသုံးပြုနိုင်တဲ့ အရည်အသွေးပြည့်မီတဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ အမှတ်တံဆိပ်တွေအဖြစ် မူပိုင်ခွင့်ဦးစီးဌာနက အတည်ပြုပေးမှာဖြစ်ပါတယ်။

လျှောက်ထားတဲ့ အမှတ်တံဆိပ်တွေကို စစ်ဆေးနေစဉ်ကာလမှာ ပြင်ဆင်ဖြည့်စွက်ဖို့ လိုအပ်တာတွေရှိခဲ့မယ်ဆိုရင်လည်း စစ်ဆေးရေးအရာရှိတွေက လျှောက်ထားသူထံ ဆက်သွယ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဦးစီးဌာနရဲ့ ညွှန်ကြားချက်အတိုင်းပြင်ဆင်ဖို့ လိုအပ်ချက်တွေကို သတ်မှတ်ထားတဲ့ကာလအတွင်းမှာ ပြန်လည်ပေးပို့နိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ မှတ်ပုံတင်ပေးဖို့ အရည်အချင်းပြည့်မီတဲ့ အမှတ်တံဆိပ်တွေကို အများပြည်သူ သိရှိနိုင်စေဖို့ မူပိုင်ခွင့်ဦးစီးဌာနရဲ့ အင်တာနက်ဝက်ဘ်ဆိုက်မှာ သတ်မှတ်ရက်အတိုင်း ကြေညာပေးသွားမှာဖြစ်ပါတယ်။ အမှတ်တံဆိပ်နဲ့ပတ်သက်ပြီး ကန့်ကွက်လိုသူတွေ ကန့်ကွက်နိုင်ဖို့ ရက်ပေါင်း ၆၀ ခွင့်ပြုမှာဖြစ်ပြီး ကန့်ကွက်မှု တစ်စုံတစ်ရာမရှိခဲ့ပါက အဆိုပါအမှတ်တံဆိပ်အသုံးပြုခွင့်ကို မှတ်ပုံတင်အရာရှိက အတည်ပြုပေးမှာဖြစ်ပါတယ်။ မူပိုင်ခွင့်ဦးစီးဌာနမှာ မှတ်ပုံတင်ခွင့်ရရှိတဲ့ အမှတ်တံဆိပ်တွေကို ဦးစီးဌာနရဲ့ ဝက်ဘ်ဆိုက်မှာ အတည်ပြုထုတ်ပြန်ပေးမှာဖြစ်ပြီး အမှတ်တံဆိပ်ပိုင်ရှင်အတွက် အသိအမှတ်ပြု လက်မှတ်ကိုလည်း ထုတ်ပေးမှာဖြစ်ပါတယ်။

ဦးစီးဌာနက အတည်ပြုမှတ်ပုံတင်ထားတဲ့ အမှတ်တံဆိပ်နဲ့ပတ်သက်ပြီး မှတ်ပုံတင်ခွင့်မရှိတဲ့ အမှတ်တံဆိပ်တစ်ခုဖြစ်ကြောင်း တစ်စုံတစ်ရာကန့်ကွက်လိုပါက ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေအခန်း(၁၅) ပါ ပြဋ္ဌာန်းချက်တွေကို ကိုးကားပြီး လျှောက်ထားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အမှတ်တံဆိပ်ပိုင်ရှင်တွေအနေနဲ့ မိမိတို့ရဲ့ အမှတ်တံဆိပ်တွေကို ဦးရာလူစနစ် (First to File) မှာ ဦးစွာမှတ်ပုံတင်နိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်ဖို့လိုအပ်မှာဖြစ်ပါတယ်။ တကယ်လို့ မိမိတို့မှတ်ပုံတင်တာ နောက်ကျနေခဲ့ရင် သို့မဟုတ် မိမိတို့ပိုင်ဆိုင်တဲ့ အမှတ်တံဆိပ်တွေကို အခြားသူတစ်ဦးဦးက မသမာတဲ့နည်းနဲ့ ကြိုတင်မှတ်ပုံတင်တာတွေကို သိရှိနိုင်ပြီး ကန့်ကွက်မှုတွေကိုလည်း ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အမှတ်တံဆိပ်ပိုင်ရှင်တွေအနေနဲ့ ဥပဒေကခွင့်ပြုထားတဲ့ မိမိတို့ရဲ့လုပ်ပိုင်ခွင့်တွေနဲ့ အခွင့်အရေးတွေကို သိရှိနားလည်ပြီး ကျင့်သုံးဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

မှတ်ပုံတင်ခွင့်ရရှိတဲ့ အမှတ်တံဆိပ်ပိုင်ရှင်တွေအတွက် မိမိတို့ရဲ့ အမှတ်တံဆိပ်နဲ့ ထပ်တူ သို့မဟုတ် အလားတူ အမှတ်တံဆိပ်ကို အခြားသူတစ်ဦးက မိမိရဲ့ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းကနေ ဟန့်တားနိုင်မှာဖြစ်ပါတယ်။ မိမိရဲ့ အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးတွေ အခြားသူတစ်ဦးဦးကို လွှဲပြောင်းခြင်း သို့မဟုတ် ခွင့်ပြုချက်နဲ့ လုပ်ကိုင်ခွင့်ပေးနိုင်မှာဖြစ်ပါတယ်။ မူပိုင်ခွင့်ချိုးဖောက်ပြီး ရောင်းဝယ်ဖောက်ကားမှုကြောင့် မိမိရဲ့စီးပွားရေးဆိုင်ရာ နစ်နာမှုတွေကို တရားမကြောင်းအရ တောင်းဆိုနိုင်သလို ပြစ်မှုကြောင်းအရလည်း တရားစွဲဆိုနိုင်မှာ ဖြစ်ပါတယ်။ မိမိရဲ့ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ အမှတ်တံဆိပ်အတုအသုံးပြုပြီး နိုင်ငံတော်ရဲ့ နယ်နိမိတ်အတွင်း တင်သွင်းလာတဲ့ ကုန်ပစ္စည်းတွေကို ကုန်သွယ်မှုလမ်းကြောင်းအတွင်း ဝင်ရောက်ခြင်းကနေ ဟန့်တားနိုင်ပါတယ်။

### မမှန်ကန်တဲ့ကုန်ပစ္စည်းတွေ ဈေးကွက်အတွင်း ဝင်ရောက်ခြင်းကို ဟန့်တားပေး

ဒါကြောင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေ ၂၀၁၉ အနေနဲ့ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ မျှတတဲ့ ဈေးကွက်ယှဉ်ပြိုင်မှုဖြစ်စေရေး၊ မမှန်ကန်တဲ့ ကုန်ပစ္စည်းတွေ ဈေးကွက်အတွင်း ဝင်ရောက်ခြင်းကို ဟန့်တားပေးခြင်းဖြင့် သုံးစွဲသူပြည်သူတွေ စစ်မှန်တဲ့လူသုံးကုန်ပစ္စည်းတွေကို ရွေးချယ်အသုံးပြုနိုင်စေရေး၊ အမှတ်တံဆိပ်ပိုင်ရှင်အတွက် ယှဉ်ပြိုင်မှုမြင့်မားတဲ့ ဈေးကွက်မှာ မူပိုင်ခွင့်အကာအကွယ်ရယူထားခြင်းဖြင့် ပြိုင်ဘက်စီးပွားရေးသမားတွေရဲ့ ဆင်တူယိုးမှားအသုံးပြုခြင်း၊ တုပအသုံးပြုခြင်းဖြင့် မိမိတို့ရဲ့ ဂုဏ်သိက္ခာနဲ့ စီးပွားရေးလုပ်ငန်း ထိခိုက်ခြင်းကနေ ကာကွယ်ဟန့်တားနိုင်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး စတဲ့အခွင့်အရေးတွေ ပေးအပ်ခြင်းဖြင့် နိုင်ငံတော်ရဲ့ စီးပွားရေးဂေဟစနစ်ကို စနစ်တကျ ဖြစ်ပေါ်တိုးတက်လာစေဖို့ ထိန်းကျောင်းပေးနိုင်တဲ့ ဥပဒေတစ်ရပ်ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံအတွင်းမှာ ကုန်သွယ်မှုနဲ့ ကူးသန်းရောင်းဝယ်မှုလုပ်ငန်းတွေကို ဆောင်ရွက်နေကြတဲ့ စက်မှုလုပ်ငန်းတွေ၊ အသေးစားနဲ့ အလတ်စားလုပ်ငန်းရှင်တွေ၊ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေကြတဲ့ လုပ်ငန်းရှင်တွေအနေနဲ့ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးတွေကိုရယူခြင်းဖြင့် မိမိတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြပါလို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၉-၅-၂၀၂၃ ရက်မှအဆက်

"ဘယ်သူ့ဆီကစာလဲဟင်"

"ငွေးငွေးဆီကပါ"

"ရန်ကုန် မမငွေးဆီကလား"

"အေး ဟုတ်တယ်"

ဤသို့ ကိုအေးဆွေက ပြောလိုက်လျှင်ပင် ကြည်ကြည်သာသာလေးဖြစ်နေသော ထွေးရီ၏ မျက်နှာကလေးသည် တစ်ခါတည်း ပျက်ခနဲဖြစ်သွားသည်။ သို့သော် ထွေးရီသည် သူ၏မျက်နှာလေးကို ချက်ချင်းပင် ဣန္ဒြေဆည်လိုက်သည်။ ထို့နောက် သူသည် ဤနေရာမှ ညှိုးနွမ်းသောမျက်နှာကလေးဖြင့် လေးကန်စွာ ပြန်ထွက်သွားတော့သည်။

ထိုအခါ ကိုအေးဆွေသည် ထွေးရီ၏အမူအရာကို နားမလည်နိုင်အောင် ဖြစ်သွားသည်။ သို့ပေမင့်လည်း ခင်သန်းငွေး၏စာက လက်ထဲတွင် ကိုင်ထားရပြီမို့ ထွေးရီအား စူးစိုက်နေမိသော အာရုံသည် တစ်ခဏချင်းဖြင့် ပျောက်သွားလေသည်။ ထို့ကြောင့်လည်း ခင်သန်းငွေး၏စာကို လျင်မြန်စွာ ဖောက်ဖတ်လိုက်သည်။

**ကိုအေးဆွေ**

ငွေးလည်း ကျောင်းပြန်ဖွင့်ခါနီးတုန်းက ကိုအေးဆွေကိုတောင် နှုတ်မဆက်ခဲ့ရဘူး။ ငွေးငှားထားတဲ့ စာအုပ်တွေကိုတော့ ပြန်ပေးလိုက်ဖို့ ဒေါ်လေးကို မှာခဲ့တယ်။ စာအုပ်တွေ စုံစုံစေ့စေ့ရတယ် မဟုတ်လား။

ဒါနဲ့ ကိုအေးဆွေတို့ရဲ့ စုပေါင်းထန်းလျက်ကျိုချက်တဲ့ လုပ်ငန်းကကော အောင်မြင်ရဲ့လား။ ဒေါ်လေးစာအရတော့ ကိုအေးဆွေတို့ စုပေါင်းထန်းလျက်ကျိုချက်ရေးဟာ ကျိုတဲ့ချက်တဲ့နေရာမှာတော့ ပျော်စရာကြီးပဲတဲ့။ ဒါပေတဲ့ တစ်ခါတစ်ခါမှာ မကောင်းတဲ့ထန်းလျက်တွေကို ရသတဲ့။ အဲဒါ ဘာဖြစ်လို့လဲဟင်။ အကျိုးရောရှိရဲ့လား၊ ညီညွတ်မှုကောရှိရဲ့လား။

ရှေ့လာမယ့် သီတင်းကျွတ်ကျောင်းပိတ်ရက်ကျမှပဲ ငွေးနဲ့ကိုအေးဆွေတို့ အေးအေးဆေးဆေး တွေ့ကြတာပေါ့နော်။

ကိုအေးဆွေရဲ့ရည်ရွယ်ချက်များ အောင်မြင်ပါစေလို့

ဝေးမြေက ငွေး

ကိုအေးဆွေသည် စာကိုကိုင်ကာ ငိုင်လျက်ရှိသည်။ စာမှာ ရိုးရိုးပင်ရေးလိုက်သော အကြောင်းအရာများသာဖြစ်သည်။ သို့တစေ သူ၏အတွေးများကား ဝေလျက်ရှိသည်။

သူသည် တဲပြတင်းမှ အပြင်ဘက်သို့ မျှော်ကြည့်လိုက်သည်။ မိုးသည် တဖွဲဖွဲရွာလျက်ရှိ၏။ ဦးစံကျော်တို့တဲခေါင်းရင်းဘက်တွင် စုပေါင်းထန်းလျက်ကျိုချက်ရေးအတွက် ဆောက်လုပ်ထားသော တဲတန်းရှည်ကြီးများကိုလည်း လှမ်းမြင်နေရသည်။ ထိုအတွင်းမှ ထန်းလျက်ကျိုချက်သူ၊ ထန်းလျက်လုံးသူ ယောကျ်ား မိန်းမများ၏ တဝါးဝါး ရယ်မောနေသံများနှင့် တစ်ဦးနှင့်တစ်ဦး ဟစ်အော်မေးထူးခိုင်းဆိုနေသံများကိုလည်း မကြာမကြာ ကြားနေရသည်။ ထန်းလျက်လုံးခါနီး ထန်းလျက်သား တက်လာစေရန် ယောက်မဖြင့် မွှေလိုက်သည့် "တဘွမ်ဘွမ်" ဟူသော အသံများကလည်း တစ်ခါတစ်ရံ ပေါ်ထွက်လာလေသည်။

သို့ရာတွင် ကိုအေးဆွေ၏အာရုံသည် ပျံ့လွင့်လျက်ရှိသည်။

သူသည် ဤမြင်ကွင်းကိုလည်း မမြင်။ ဤအသံဗလံများကိုလည်း မကြား။ သူမြင်နေသည်ကား ခင်သန်းငွေး၏ မျက်နှာကလေးနှင့် ကြည်လင်အေးမြသည့် အသံလွင်လွင်ကိုသာ ကြားနေသည်။

"ကိုအေးဆွေရယ်၊ ငွေးနှင့် ကိုအေးဆွေလည်း ရန်ကုန်တုန်းကလို အေးအေးဆေးဆေး လွတ်လွတ်လပ်လပ်နဲ့ စကားပြောဖို့ကို အချိန်မရတော့ဘူး။ ခုတောင် ဒေါ်လေး ခေါင်းကိုက်လို့ဆိုတာနဲ့ ငွေးလာရတာ။ မေမေတို့က သိပ်လွှတ်ချင်တာ မဟုတ်ဘူး။ ရှေ့အပတ်ကျမှ ထန်းလျက်ကိုရောယူတာပေါ့တဲ့။ နို့မဟုတ်ရင်လည်း ကြီးကြီးမေကို မှာလိုက်ရင် ပြီးတာပဲတဲ့။ ခက်ပါတယ် ကိုအေးဆွေရယ်။ ဖေဖေတို့ မေမေတို့ကလည်း ငွေးကို သိပ်ချုပ်ချယ်တာပဲ။ ဒီကိုလာတာ သိပ်မကြိုက်ဘူးနဲ့တူပါတယ်"

နွေရာသီ ကျောင်းပိတ်ရက်အတွင်းက ခင်သန်းငွေးသည် သုံးလေးကြိမ်ဆိုသလို ထန်းလျက်လှည့် (ထန်းစုယူရန်) လိုက်လာရင်း ကိုအေးဆွေအား လာရောက်တွေ့ဆုံခဲ့လေသည်။ ထို့ကြောင့်လည်း အထက်ပါစကားများမှာ နွေကျောင်းဖွင့် တက္ကသိုလ်သို့မပြန်မီ နောက်ဆုံးအခေါက်က ပြောဆိုသွားသော ခင်သန်းငွေး၏ စကားများဖြစ်လေသည်။

တကယ်တော့လည်း ကိုအေးဆွေနှင့် ခင်သန်းငွေးတို့မှာ သမီးရည်းစားဟု မဆိုသာပေ။ ကိုအေးဆွေ၏ ချို့တဲ့သောဘဝကို ခင်သန်းငွေးက သနားကြင်နာလာသလို ကိုအေးဆွေကလည်း ခင်သန်းငွေး၏ ဖြူစင်သောစေတနာလေးများကို လေးစားခင်တွယ်လာမိခြင်း ဖြစ်လေသည်။

ရန်ကုန်မှာ ရောက်ရှိနေစဉ်ကတော့မူ မိဘဆွေမျိုးများနှင့် ဝေးကာ သူစိမ်းပြင်ပြင်တွေကြားထဲတွင် နေခဲ့ရသဖြင့် ကိုအေးဆွေနှင့် ခင်သန်းငွေးတို့သည် တစ်ဦးနှင့်တစ်ဦး တွယ်တာသောနှောင်ကြိုးလေးများတည်းလျက် ဘာမဆို လွတ်လွတ်လပ်လပ်နှင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတိုင်ပင်ခဲ့ကြ၏။ နှစ်ယောက်ထဲလည်း လွတ်လပ်စွာ ရန်ကုန်တစ်ကြော၌ လျှောက်၍ လည်ပတ်ခဲ့ကြသည်။

ယခုတော့မူ ကိုယ့်ရပ်ဒေသဖြစ်၍ တစ်နေရာမှာ ချိန်းဆို၍လည်း မတွေ့ဆုံဝံ့၊ တွေ့ဆုံရအောင်လည်း လုံလောက်သော အကြောင်းပြချက်က မရှိ။ ထို့ကြောင့်လည်း ကိုအေးဆွေမှာ ခင်သန်းငွေးနှင့် လွတ်လပ်စွာ တွေ့ဆုံစကားပြောချင်သည့်စိတ်များကို ထိန်းချုပ်ထားရသည်။

တကယ်တော့မူ ခင်သန်းငွေးနှင့် သည်ကဲ့သို့ စကားစမြည် ပြောဆိုကြသည်ဆိုသော်လည်း ဘာအကြောင်းမှတော့ မည်မည်ရရတော့ မဟုတ်ပေ။ ခင်သန်းငွေး၏ မျက်နှာလေးကိုကြည့်၍ စကားပြောဆိုနေရခြင်းကပင်လျှင် ကိုအေးဆွေ၏ရင်ကို အလိုလို အေးမြလာစေသည်။ ဘယ်မျှပင် စိတ်ရှုပ်စရာ၊ စိတ်ပူစရာများနှင့် တွေ့ကြုံနေရသည်ဖြစ်စေ၊ ခင်သန်းငွေး၏မျက်နှာလေးကို မြင်လိုက်ရသည်ဆိုလျှင် ရင်သည် အလိုလို အေးမြ၍သွားတော့သည်။

ခင်သန်းငွေး၏ မျက်နှာလေးကို မြင်ရတိုင်း ကိုအေးဆွေ၏ရင်မှာ အေးမြသွားရသည်ဟု ဆိုခဲ့သလို လှကြည်ကလည်း တစ်ခါက ဆိုခဲ့ဖူးသည်။

"အေးဆွေရာ၊ မင်း ခင်သန်းငွေးကို စွဲမယ်ဆိုရင်လည်း စွဲစရာပဲ။ ခင်သန်းငွေးရဲ့ မျက်နှာလေးကို မြင်လိုက်ရရင် ငါ့ရင်ထဲမှာ ဘယ်လိုဖြစ်သွားသလဲဆိုတော့ အင်မတန်အေးမြတဲ့ ညတစ်ညရဲ့ လပြည့်ဝန်းကို ကြည့်လိုက်ရသလိုပဲ။ ငါ့ရင်ထဲမှာ တစ်ခါတည်း အေးမြသွားတာပဲ။ ဒါတင်မဟုတ်သေးဘူးကွ။ သူ့မျက်နှာလေးကို ကြာကြာကြည့်လေ လှလှပြီးလာလေပဲကွ"

"ငါ မစွဲပါဘူး လှကြည်ရာ။ ငါနဲ့လည်း ဘာမှမဖြစ်ပါဘူး"

"သူငယ်ချင်း၊ ငါ့ကို ဖုံးကွယ်နေစရာလည်း မလိုပါဘူးကွာ။ မင်းတို့နှစ်ယောက်ရဲ့ မျက်စိတွေ ကြည့်ကတည်းက ငါ အတပ်ဟောနိုင်ပါတယ်။ မင်းတို့ အသည်းနှလုံးချင်း စကားပြောနေကြပြီဆိုတာလေ။ မင်းတို့မျက်လုံးတွေက သက်သေခံနေတယ်ကွ"

"တကယ် မဟုတ်ဘူး လှကြည်။ တို့ချင်းလည်း ဘာမှ ဖြစ်တာမဟုတ်ဘူး။ ရိုးရိုးခင်မင်တာပဲရှိတာပဲ"

"အေး သူငယ်ချင်း။ ငါ့ကိုပဲ ဖြစ်ဖြစ်၊ မင်းတို့အချင်းချင်းပဲဖြစ်ဖြစ် မဟုတ်ပါဘူးရယ်လို့ လှည့်စားနေပေမဲ့ မင်းတို့ရဲ့ အသည်းနှလုံးတွေကိုတော့ လှည့်စားလို့မရပါဘူးကွာ။ မှတ်ထားပါ၊ ငါပြောတာကို"

ယခုတော့ လှကြည်ပြောခဲ့ဖူးသလို ခင်သန်းငွေးအား ချစ်များနေမိပြီလားဟု အကြိမ်ကြိမ် မိမိကိုယ်ကို မကြာခဏ မေးခဲ့ဖူး၏။

တကယ်တော့လည်း ခင်သန်းငွေးအား မချစ်ဝံ့။ သူက ထန်းပိုင်ရှင်၏ သမီးပျို၊ နောက်ပြီး တက္ကသိုလ်ကျောင်းတော်ကြီး၏ ပျိုဖြူ။

မိမိက သူတို့ထန်းအား သီးစားတက်ရသည့် ထန်းတက်သမား၏သား။

မိုးနှင့်မြေ ကွာသလို လူချမ်းသာ ဂုဏ်ကြီးရှင်၏ သမီးနှင့် အညတရဆင်းရဲသား ထန်းသမား၏သား ဖြစ်နေ၍လည်း နည်းနည်းလေးမျှ စိတ်မကူးဝံ့ပေ။

သို့တစေလည်း ကိုအေးဆွေသည် ခင်သန်းငွေးအား ဘဝခရီးဖော်အဖြစ် လက်တွဲသွားရန် မကြာခဏ စဉ်းစားမိလေသည်။

"ဘယ့်နှယ့်လဲ မောင်အေးဆွေ၊ သည်လအတွက် စာရင်းတွေ ချုပ်ပြီးပလား"

ကိုအေးဆွေသည် ခင်သန်းငွေးဆီမှလာသော စာကို ကိုင်ကာ ငေးလျက်တွေးနေစဉ် ဦးစံကျော်၏ အသံကို ကြားလိုက်ရ၍ အသံလာရာသို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ တဲပေါက်ဝမှ ဝင်လာသော ဦးစံကျော်ကို မြင်နေရသည်။

"ဪ၊ လာ လာ ဦးလေးစံ။ ဒီမှာ ထိုင်ပါဦး"

ကိုအေးဆွေသည် ဦးစံကျော်အား သူအိပ်သော ခုတင်ပေါ်သို့ ထိုင်ရန် ဖိတ်ခေါ်လိုက်သည်။ သူကမူ ခုတင်ဘေးရှိ ခပ်နဲ့နဲ့စာရေးစားပွဲတွင် ထန်းလက်ဖတ်ဖြင့် ပြုလုပ်ထားသော ကုလားထိုင်ဖြင့် ထိုင်လျက်ရှိ၏။ ကိုအေးဆွေသည် ဦးစံကျော်အား ပါးစပ်ကပြောရင်း ခင်သန်းငွေး၏ စာလေးကိုလည်း စာအိတ်ထဲသို့ ပြန်ထည့်ပြီးနောက် သွေးသောက်မဂ္ဂဇင်းစာအုပ်ကြားထဲသို့ ညှပ်ထားလိုက်သည်။

"ပြီးခါနီးပါပြီ ဦးလေးစံရဲ့။ အဲဒါ အခု လချုပ်ရှင်းတမ်းအဖြစ် စာရင်းချုပ်နေတာပဲ"

"အေးလကွယ်။ မင်းစာရင်းတွေ ပြီးပြီလို့ဆိုရင်လည်း နက်ဖြန်ခါညလောက်မှာ အားလုံးအစည်းအဝေးခေါ်ပြီးတော့ သည်လမှာ ဘယ်လောက်ကျန်တယ်၊ ဘယ်လောက်သက်သာတယ်ဆိုတာကို သူတို့ကို တင်ပြရှင်းလင်းလိုက်ရအောင်လို့"

ဦးစံကျော်သည် လက်ကြားထဲတွင် ညှပ်ပါလာသော သောက်လက်စ ပြောင်းဖူးဖက်ဆေးလိပ်တိုကို ပါးစပ်တွင်တေ့ကာ ဖွာရှိုက်နေသည်။

ဦးလှဒင်နှင့် ထန်းသမားများ တွေ့ဆုံဆွေးနွေးပြီးနောက် မကြာမီမှာပင် ပထမအဆင့်ဖြစ်သော ထန်းရည်ချည်း စုပေါင်း၍ ကျိုချက်သောလုပ်ငန်းကို အစမ်းသဘောဖြင့် ပြုလုပ်နိုင်အောင် ကိုအေးဆွေသည် အတော်ပင် ကြိုးပမ်းဆောင်ရွက်ခဲ့၏။ သူသည် ထိုလုပ်ငန်းကို "စုပေါင်း ထန်းလျက်ကျိုချက်ရေးအဖွဲ့" ဟူ၍ အမည်ပေးကာ အသင်းဖွဲ့စည်းပြီးလျှင် လုပ်ငန်းအား ချုပ်ကိုင်ထိန်းသိမ်းသွားနိုင်ခဲ့သည်။ အဖွဲ့တွင် ထန်းသမားဦးရေပေါင်း ၂၁ ဦး ပါဝင်သည်။ ဥက္ကဋ္ဌအဖြစ် ဦးစံကျော်၊ အတွင်းရေးမှူး အဖြစ် ကိုအေးဆွေ၊ ထို့နောက် ငွေထိန်း၊ စာရင်းစစ်၊ ဆော်သြရေးမှူး စသည်ဖြင့် အမှုဆောင် ၅ ဦး ပါသောအဖွဲ့ကို အများသဘောတူ ရွေးကောက်တင်မြှောက်ဖွဲ့စည်းနိုင်ခဲ့လေသည်။ အဖွဲ့၏ စည်းကမ်းဥပဒေများကိုလည်း ဦးလှဒင်နှင့် ကိုအေးဆွေတို့က ညှိနှိုင်းတိုင်ပင် ရေးဆွဲပြီးနောက် အဖွဲ့အား တင်ပြလျက် အတည်ပြုခဲ့ကြလေသည်။

ဆက်လက်ဖော်ပြပါမည်။

"ကိုအေးဆွေသည် စာကိုကိုင်ကာ ငိုင်လျက်ရှိသည်။
စာမှာ ရိုးရိုးပင်ရေးလိုက်သော အကြောင်းအရာများသာဖြစ်သည်။
သို့တစေ သူ၏အတွေးများကား ဝေလျက်ရှိသည်။
သူသည် တဲပြတင်းမှ အပြင်ဘက်သို့ မျှော်ကြည့်လိုက်သည်။
မိုးသည် တဖွဲဖွဲရွာလျက်ရှိ၏။ ဦးစံကျော်တို့တဲခေါင်းရင်းဘက်တွင်
စုပေါင်းထန်းလျက်ကျိုချက်ရေးအတွက် ဆောက်လုပ်ထားသော
တဲတန်းရှည်ကြီးများကိုလည်း လှမ်းမြင်နေရသည်။
ထိုအတွင်းမှ ထန်းလျက်ကျိုချက်သူ၊ ထန်းလျက်လုံးသူ ယောကျ်ား မိန်းမများ၏
တဝါးဝါးရယ်မောနေသံများနှင့် တစ်ဦးနှင့်တစ်ဦး ဟစ်အော်မေးထူး
ခိုင်းဆိုနေသံများကိုလည်း . . ."

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

စာတည်း

# “ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော်(၁၁၁၁၁)ပါးဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းစုပေါင်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်လွှာ”

ရန်ကုန်တိုင်းဒေသကြီးသံဃနာယကအဖွဲ့ (ဂိုဏ်းပေါင်းစုံ)၏ ဩဝါဒခံယူ၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော် (၁၁၁၁၁)ပါးဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်း စုပေါင်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ၂၀၂၃ ခုနှစ်၊ မေလ(၂)ရက်၊ ကောဇာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း (၁၄) ရက်နေ့ အရုဏ်တက်ချိန်၌ ရွှေတိဂုံစေတီတော် အထက်ပစ္စယံနှင့် ပြည်သူ့ရင်ပြင်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်ကြီးများ၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းအားလုံး၏ ကျောင်းထိုင်ဆရာတော်ကြီးများနှင့် ပရိယတ္တိစာသင်တိုက်များမှ သံဃာတော်၊ ဆရာတော်များအား ပင့်ဆောင်ကာ စုပေါင်းလှူဒါန်း ပူဇော်သွားမည်ဖြစ်ပါ၍ သဒ္ဓါကြည်လင် ပါရမီရှင်အလှူရှင်များအနေဖြင့် မိမိတို့တတ်စွမ်းသမျှ လှူဖွယ်ဝတ္ထုငွေ/ လှူဖွယ်ပစ္စည်းများကို ပြည်သူ့ရင်ပြင်၌ ကိုယ်တိုင်လာရောက် လှူဒါန်းနိုင်ပါကြောင်းနှင့် အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်၍လည်း ကြိုတင်စာရင်းပေးပို့ လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်း နှိုးဆော်အပ်ပါသည်-

| | | | | |
|---|---|---|---|---|
| (၁) | ဦးမျိုးမြင့်အောင် | စီးပွားရေးရာဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၀၉-၅၃၂၁၉၂၁ |
| (၂) | ဦးညီညီမင်း | အတွင်းရေးမှူး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၀၉-၄၂၈၄၆၀၀၈၂ |
| (၃) | ဦးရဲထူး | ညွှန်ကြားရေးမှူး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၀၉-၆၆၂၁၈၅၃၉၉ |

**အခမ်းအနားကျင်းပရေးဦးစီးကော်မတီ**


## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဧပြီ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၂-၄-၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၁၆)တွင် ပုပု၏ သခင်အပေါ်ချစ်ခင်၍ သခင်၏ ဘေးအန္တရာယ်ကို တားဆီးကာကွယ်ပေးခဲ့သည့် ခွေးလိမ္မာလေး တိုးပွားအကြောင်း တင်ဆက်ထားသည့် “ပုပုပါဝင်သည့် တိုးပွားရေ ကျေးဇူးပါ” မျက်နှာဖုံးကာတွန်း၊ ကမ္ဘာ့ဦးအစ ရှေးခေတ်လူသားတို့၏ စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ တီထွင်မှုများအကြောင်း ဗဟုသုတ ဖြစ်ဖွယ်တင်ဆက်ထားသည့် “စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ တီထွင်မှုများ” သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် “ရွှေသွေးတို့လက်ရာ”ကဏ္ဍ၊ အာတူးသည် ဦးလေးဖြစ်သူကို ခန္ဓာကိုယ်တွင်း ဉာဏ်မှုသွင်းခြင်းနှင့် ပတ်သက်၍ အကြံပေးနေပုံအကြောင်း ဟာသဖြစ်ဖွယ် သရုပ်ဖော်ထားသည့် “အာတူးရဲ့ဉာဏ်မှုသွင်းနော်” နှစ်မျက်နှာ ကာတွန်း၊ အရောင်အသွေးစုံလင်လှသော ပညာရေးပန်းပွင့်များကို ပြုစုပျိုးထောင်ပေးခဲ့သူ ဥယျာဉ်မှူးအကြောင်း ရေးဖွဲ့ထားသည့် “ဥယျာဉ်မှူး” ဝတ္ထုကဏ္ဍ၊ တစ်ချိန်က အဘိုးကိုယ်တိုင်စိုက်ပျိုးပြုစုခဲ့သော သရက်ပင်မှ သရက်သီးများကို အဘိုး၏ သားသမီးများ စားသုံးရသည့်အပြင် အဘိုး၏ မြေးများပင် သရက်သီးများကို စားသုံးနိုင်ခြင်းကြောင့် သီးပင်၊ စားပင်များ စိုက်ပျိုးခြင်းဖြင့် ရရှိလာနိုင်သော အကျိုးကျေးဇူးများအကြောင်း သားသား၊ မီးမီးတို့ အတုယူဖွယ် ရေးဖွဲ့ထားသည့် ဆရာမန်းတင်မော်၏ “အတုယူပါ” ကဗျာကဏ္ဍ အပါအဝင် ဉာဏ်စမ်းကဏ္ဍနှင့် ရွှေသွေး စကားဝိုင်းကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## VUC အသင်းယှဉ်ပြိုင်မည့် အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကျင်းပ

**ရန်ကုန် ဧပြီ ၂၀**

မြန်မာဖူဆယ် ကလပ် VUC အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၃ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ဧပြီ ၂၀ ရက်က ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည်။



**သုံးသင်းနှစ်အုပ်စုခွဲ၍ကျင်းပမည်**

၂၀၂၃ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲတွင် အသင်းခြောက်သင်း ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ပြီး သုံးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် အိမ်ရှင်ထိုင်းကလပ် ဟောင်ယန်သာခမ် အသင်း၊ မလေးရှားကလပ် ပါဟန်းရိန်းဂျား အသင်း၊ မြန်မာကလပ် VUC အသင်း၊ အုပ်စု(ခ)တွင် အင်ဒိုနီးရှားကလပ် ဘလက်စတီးအသင်း၊ ဗီယက်နမ်ကလပ် ထိုင်ဆွန်နန် အသင်း၊ ဩစတြေးလျကလပ် Football Victoria အသင်းတို့ ပါဝင်နေသည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာကလပ် VUC အသင်းသည် အုပ်စုပထမပွဲအဖြစ် မေ ၁ ရက်တွင် အိမ်ရှင်ထိုင်းကလပ် ဟောင်ယန်သာခမ် အသင်းနှင့် စတင်ကစားရမည်ဖြစ်ပြီး ဒုတိယပွဲအဖြစ် မေ ၃ ရက်တွင် မလေးရှားကလပ် ပါဟန်းရိန်းဂျားအသင်းနှင့် ကစားရမည်ဖြစ်သည်။ VUC အသင်းသည် အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲတွင် ပထမဆုံး ယှဉ်ပြိုင်ခွင့်ရရှိခြင်း ဖြစ်သည်။

မြန်မာကလပ်အသင်းများသည် ယင်းပြိုင်ပွဲ၏ အကြိမ်အများစုတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ၂၀၂၁ နှင့် ၂၀၂၂ ခုနှစ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်း မရှိဘဲ ယခုနှစ်မှ ပြန်လည်ယှဉ်ပြိုင်ခြင်း ဖြစ်သည်။

VUC အသင်းသည် လက်ရှိတွင် MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိပြီး ပထမအကျော့အပြီးတွင် ဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MFF**

## မြန်မာ ယူ-၂၂ အသင်း၏ ထိုင်းခြေစမ်းခရီးစဉ် ပြီးဆုံး

**ရန်ကုန် ဧပြီ ၂၀**

မြန်မာ ယူ-၂၂ အသင်းသည် (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံ၌ သွားရောက်လေ့ကျင့်ခဲ့ပြီး ဧပြီ ၂၀ ရက်က ပြီးဆုံးသွားပြီဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ဧပြီ ၁၁ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ၌ သွားရောက်လေ့ကျင့်ခဲ့ပြီး ခြေစမ်းပွဲလေးပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာ ယူ-၂၂ အသင်းသည် ထိုင်းကလပ်အသင်းများနှင့် ခြေစမ်းပွဲလေးပွဲ ယှဉ်ပြိုင်ကစားခဲ့ပြီး တစ်ပွဲနိုင်၊ သုံးပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ်ဖြစ်သူ ဂျာမနီနိုင်ငံသား ဖိုက်အွန်ဘိုင်နာသည် ထိုင်းခရီးစဉ်အတွက် ကစားသမား ၂၆ ဦး ခေါ်ဆောင်သွားပြီး မလေးရှားကလပ် ဆီလန်ဂေါ်အသင်းတွင် ကစားနေသည့် တောင်ပံတိုက်စစ်ကစားသမား ဟိန်းထက်အောင်မှာမူ ပြိုင်ပွဲနီးမှ အသင်းနှင့် ပူးပေါင်းမည်ဖြစ်သည်။



ထို့ကြောင့် မြန်မာ ယူ-၂၂ အသင်းသည် ပဏာမကစားသမား ၂၇ ဦးဖြင့် လေ့ကျင့်လျက်ရှိပြီး အပြီးသတ်ကစားသမားများကို မကြာမီ ထုတ်ပြန်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် မတ်လနောက်ဆုံးပတ်တွင် စတင်လေ့ကျင့်ခဲ့ပြီး မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်က ယူ-၂၂ အသင်းကိုပါ ပူးတွဲကိုင်တွယ်နေခြင်းဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းတွင် ပဏာမကစားသမားများအဖြစ် **ဂိုးသမား-** ပြည့်ဖြိုးသူ၊ ချစ်မင်းထွေး၊ ဟိန်းထက်စိုး၊ **နောက်တန်း-** ရှင်းသန့်အောင်၊ ကောင်းထက်ပိုင်၊ ထူးမြတ်ခန့်၊ သူရကျော်၊ လတ်ဝေဘုန်း၊ ကျော်သီဟဇော်၊ သက်ဟိန်းစိုး၊ ညဏ်လင်းထက်၊ နောင်နောင်စိုး၊ **အလယ်တန်း-** အောင်မျိုးခန့်၊ အာကာကျော်၊ ရန်ကျော်စိုး၊ ဇော်ဝင်းသိန်း၊ ရဲရင့်ဖြိုး၊ စိုးမင်းဦး၊ ခွန်ကျော်ဇင်ဟိန်း၊ စွမ်းထက်၊ ဥက္ကာနိုင်၊ ပိုင်ထက်ကိုကို၊ **ရှေ့တန်း-** ဟိန်းထက်အောင်၊ ချစ်အေး၊ ညီညီ၊ အောင်သီဟနှင့် သန်းတိုးအောင်တို့ ပါဝင်ကြသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

### ❂ မြန်မာအသင်းမှ

အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ အုပ်စု(ခ)တွင် ထိုင်း၊ မလေးရှား၊ မြန်မာ၊ ဗီယက်နမ် အသင်းတို့ ပါဝင်နေသည်။ အုပ်စုပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် မေ ၃ ရက်တွင် ဗီယက်နမ်အသင်း၊ မေ ၄ ရက်တွင် မလေးရှားအသင်း၊ မေ ၆ ရက်တွင် ထိုင်းအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေပြီး ဆီမီးဖိုင်နယ်တက်ရောက်ရန် ခက်ခက်ခဲခဲ ကစားရဖွယ်ရှိနေသည်။

**သွားရောက်လေ့ကျင့်**

မြန်မာဘော်လီဘောအသင်းများသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြည်တွင်းနည်းပြဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် တရုတ်နိုင်ငံ၌ သွားရောက်လေ့ကျင့်ခဲ့သည်။ မြန်မာအမျိုးသားဘော်လီဘောအသင်းသည် နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတွင် ဆုတံဆိပ်နှင့် လွဲချော်ခဲ့သလို အုပ်စုအဆင့်မှလည်း ထွက်ခဲ့ရသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-သော်ကြီး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ပြည်နည်းပညာတက္ကသိုလ်
## ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်နည်းပညာတက္ကသိုလ်၏ (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

| | |
|---|---|
| ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်ခြင်း | ၂၇-၅-၂၀၂၃ရက်နေ့ (စနေနေ့) |
| ဘွဲ့နှင်းသဘင်ကျင်းပခြင်း | ၂၈-၅-၂၀၂၃ရက်နေ့ (တနင်္ဂနွေနေ့) |
| ဘွဲ့နှင်းသဘင်ကျင်းပမည့်နေရာ | ပြည်နည်းပညာတက္ကသိုလ်ခန်းမ |
| လျှောက်လွှာလက်ခံမည့်ရက် | ဘွဲ့နှင်းသဘင်လျှောက်လွှာများကို(၂၇-၄-၂၀၂၃)ရက်နေ့မှစ၍ ကျောင်းသားရေးရာဌာနတွင် ဝယ်ယူ၍ ပြည့်စုံစွာ ဖြည့်စွက်ပြီး (၁၂-၅-၂၀၂၃) ရက်နေ့ နောက်ဆုံးထားပြီး လျှောက်ထားရမည်။ |

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ပြည်နည်းပညာတက္ကသိုလ်၏ (၂၀၂၁-၂၀၂၂)ပညာသင်နှစ်အတွက် B.E စာမေးပွဲအောင်မြင်သူများနှင့် M.E စာမေးပွဲအောင်မြင်သူများ ဘွဲ့တက်ရောက်ယူနိုင်ပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာတက်ရောက်ဘွဲ့ ၁၅၀၀၀/- (ကျပ်တစ်သောင်းငါးထောင်တိတိ)နှင့် အဝေးရောက်ဘွဲ့ ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ဖြစ်၍ ငွေစာရင်းဌာနတွင် ပေးသွင်းရမည်။

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲxနှစ်လက်မ)အရွယ် ဓာတ်ပုံ(၅)ပုံ (ဓာတ်ပုံအောက်တွင် မှတ်ပုံတင်နံပါတ်ထည့်သွင်းရိုက်ကူးခြင်းမပြုရန်)နှင့် အတူလျှောက်လွှာတင်သွင်းရမည်။

၅။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည့်သူများသည် အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံ ဝတ်ဆင်၍ တက်ရောက်ရမည်။(အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ)

၆။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင် တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန်ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

**မှတ်ချက်။** ။အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်နည်းပညာတက္ကသိုလ် သင်တန်းရေးရာဌာနတွင် စုံစမ်းနိုင်ပါသည်။

**ပြည်နည်းပညာတက္ကသိုလ်**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ပြည်သူ့အငှားအိမ်ရာစီမံကိန်းအတွင်း မြို့ပြ၊ ရေ/သန့်၊ လျှပ်စစ်လုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသူ ပြည်တွင်းလုပ်ငန်းရှင်များသည် အောက်ပါအတိုင်း တင်ဒါအဆိုပြုလွှာ တင်သွင်းနိုင်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာ ရောင်းချမည့်နေ့ရက် | - | (၂၇-၄-၂၀၂၃) မှ (၁၀-၅-၂၀၂၃) ရက်နေ့အထိ |
| (ခ) | တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက် | - | (၁၁-၅-၂၀၂၃) ရက်နေ့၊ (၁၅:၀၀)နာရီအထိ |
| (ဂ) | တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ | - | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၊ အမှတ်(၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်။ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အထက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၁-၃၈၇၂၆၂၊ ၀၉-၆၉၉၉၉၈၈၁၄**

## ပြည်ထဲရေးဝန်ကြီးဌာန
## ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအဆင့်ဆင့်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများမှ သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

- Lot-1 - ပြည်နယ်ရုံး၊(၄)ခန်းတွဲ(၂)ထပ်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း(၁၀၄'x၄၀'x၂၂')(သံကူကွန်ကရစ်)
- Lot-2 - လွိုင်ကော်ခရိုင်ရုံး၊ (၂)ခန်းတွဲ(၃)ထပ် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း(၇၈'x၃၆')(သံကူကွန်ကရစ်)
- Lot-3 - ဒီးမော့ဆိုခရိုင်ရုံး၊ အမှုထမ်းအိမ်ရာ (၄)ခန်းတွဲ (၂)ထပ်(၁)လုံး ဆောက်လုပ်ခြင်း(၁၀၄'x၄၀'x၂၂') (သံကူကွန်ကရစ်)
- Lot-4 - ဘောလခဲမြို့နယ်၊ (၂)ခန်းတွဲ(၃)ထပ် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း(၇၈'x၃၆')(သံကူကွန်ကရစ်)
- Lot-5 - မယ်စဲ့ခရိုင်ရုံး၊ (၄)ခန်းတွဲ(၄)ထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း(၁၀၄'x၄၀')(သံကူကွန်ကရစ်)

| | | | |
|---|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - | (၂၁-၄-၂၀၂၃)ရက်နေ့မှ (၄-၅-၂၀၂၃)ရက်နေ့အထိ |
| ၃။ | တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက် | - | (၅-၅-၂၀၂၃)ရက်နေ့(၁၆:၀၀)နာရီ |

၄။ အသေးစိတ်သိရှိလိုပါက ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖုန်း -083-2223083၊ 083-2221013 တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ကယားပြည်နယ်
## လမ်း/တံတားလုပ်ငန်းများအတွက်
## လုပ်ငန်းတင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ် (၁ /၂၀၂၃)

၁။ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ကယားပြည်နယ်၊ လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရမည့် ကတ္တရာကွန်ကရစ်(AC)ခင်းခြင်းလုပ်ငန်း၊ အခြားလမ်းတံတားလုပ်ငန်းများအား လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက် | - | (၂၄-၄-၂၀၂၃)(ရုံးချိန်အတွင်း) |
| (ခ) | တင်ဒါလျှောက်လွှာ ပိတ်မည့်နေ့ရက်/အချိန် | - | (၈-၅-၂၀၂၃) (၁၆:၀၀ နာရီ) |
| (ဂ) | တင်ဒါဖွင့်ဖောက်စိစစ်မည့် နေ့ရက်/အချိန် | - | (၁၂-၅-၂၀၂၃) (၉:၀၀ နာရီ) |
| (ဃ) | တင်ဒါဖွင့်ပွဲကျင်းပ မည့်နေရာ | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာနအစည်းအဝေး ခန်းမ၊ ကယားပြည်နယ် |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက် အသေးစိတ်ကို သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-
